# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၅၈)၊ ၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်၊ ၁၉-၈-၂၀၂၄၊ တနင်္လာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ (၉) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၈

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပခဲ့သည့် (၉)ကြိမ်မြောက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့ညပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

### သီးခြားတွေ့ဆုံ

ချင်းမိုင်မြို့တွင် ရောက်ရှိနေစဉ်အတွင်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၁၅ ရက် ညနေပိုင်းတွင် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆလုံဆိုင်း ခွန်မဆစ်နှင့် သီးခြားတွေ့ဆုံခဲ့သည်။ ယင်းသို့တွေ့ဆုံစဉ် မြန်မာနှင့် လာအိုတို့အကြား အစဉ်အလာအရ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာအားကောင်းလာစေရေး၊ လာအိုနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားများ အလုပ်လုပ်ကိုင်ခွင့်နှင့် အလုပ်သမားရေးရာ ကိစ္စရပ်များတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု ကဏ္ဍမြှင့်တင် ဖော်ဆောင်နိုင်ရေးအတွက် အခွင့်အလမ်းများ ရှာဖွေရေးအပါအဝင် နှစ်နိုင်ငံအပြန်အလှန်အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးနှင့် အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် နှစ်နိုင်ငံ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

### ပါဝင်တက်ရောက်

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၁၆ ရက်တွင်ပြုလုပ်သည့် "တရုတ်-လာအို-မြန်မာ-ထိုင်း လေးနိုင်ငံ အလွတ်သဘော အစည်းအဝေး" သို့ ပါဝင်တက်ရောက်ခဲ့သည်။

ယင်းအလွတ်သဘော အစည်းအဝေးသို့ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာ ဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီ၊ လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆလုံဆိုင်း ခွန်မဆစ်နှင့် ထိုင်းနိုင်ငံခြားရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် မစ္စစ်အက်စီရီပင်တာရချီတို့ တက်ရောက်ခဲ့ကြသည်။



တရုတ် - လာအို- မြန်မာ - ထိုင်း လေးနိုင်ငံ အလွတ်သဘော အစည်းအဝေး ကျင်းပစဉ်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက မြန်မာ-တရုတ်-ထိုင်း-လာအိုလေးနိုင်ငံအကြား နယ်စပ်ဒေသတစ်လျှောက် လုံခြုံရေးနှင့် တည်ငြိမ် အေးချမ်းရေးကို ထိန်းသိမ်းရန်နှင့် တရားမဝင် နယ်စပ်ကုန်သွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်မှု၊ လူကုန်ကူးမှု၊ အွန်လိုင်းလိမ်လည်မှုနှင့် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှု စသည့်တရားမဝင်လုပ်ငန်းများကို ပူးပေါင်းတိုက်ဖျက်ရေးတို့တွင် လေးနိုင်ငံအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် အမြင်ချင်းဖလှယ် ကတိပြုခဲ့ကြသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံကိစ္စနှင့် ပတ်သက်၍ အပြုသဘောပူးပေါင်းဆောင်ရွက်မှုများ ပံ့ပိုးဆောင်ရွက်သွားနိုင်မည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် အာဆီယံ၏ တူညီဆန္ဒ (၅) ချက်တို့ အပြန်အလှန် လိုက်လျောညီစွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည့် အလားအလာများကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၈

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း


**နေစွမ်းအင်ဆဲလ်များ ရေရှည်ခံနိုင်ရည်ရှိစေရန် ကိုရီးယားသိပ္ပံပညာရှင်များ စမ်းသပ်အောင်မြင်** စာမျက်နှာ ၇

**ဒီရေနှင့် ဒီရေလှိုင်းမှသည် လျှပ်စစ်စွမ်းအင်ဆီသို့ (ဆောင်းပါး)** စာမျက်နှာ ၁၇

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၉ ရက် ၊ တနင်္လာနေ့ ။

မန္တလေး နေ့စဉ်

# ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့

မြန်မာ့ဆယ့်နှစ်လရာသီတွင် ဝါခေါင်လသည် ပဉ္စမမြောက်လဖြစ်သည်။ ဝါခေါင်လကို ရှေးက နံကာလဟုခေါ်သည်။ ဝါကပ်ခြင်း၏ အလယ်လဟု အဓိပ္ပာယ်ရသည်။ ဝါခေါင်လပြည့်နေ့သည် မေတ္တာအခါတော်နေ့ဖြစ်သည်။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါ တစ်ပါး၌ ငါးရာသော ရဟန်းတို့သည် ဘုရားရှင်ပေးတော်မူအပ်သော ကမ္မဋ္ဌာန်းတို့ကို အသီးသီးယူခဲ့ကြပြီး ဟိမဝန္တာနှင့် တစ်စပ်တည်းသော အရပ်၌ သီတင်းသုံးကြ၏။ ထိုအခါ ရဟန်းတော်တို့၏ သီလတန်ခိုးအာနုဘော်ကြောင့် ရုက္ခစိုးနတ်တို့မနေသာ၊ မထိုင်သာတော့သဖြင့် ညဉ့်အခါ ရဟန်းတော်တို့ တရားအားထုတ်နေစဉ် ကြောက်မက်ဖွယ်အာရုံအမျိုးမျိုး၊ အထူးထူးအထွေထွေပြုလုပ်ကာ ခြောက်လှန့်ကြလေသည်။ ထိုအခါ ရဟန်းတော်တို့မှာ စိတ်နှလုံးတုန်လှုပ်ကာ သမာဓိကိုမရကြသဖြင့် ဤအရပ်သည် ပတိရူပဒေသမဟုတ်ဟူ၍ တိုင်ပင်ကာ မြတ်စွာဘုရားထံ အကျိုးအကြောင်းလျှောက်ထားရာမှ မြတ်စွာဘုရားက မေတ္တသုတ်ပရိတ်တော်ကိုသင်ကြားပေးပြီး ဤမေတ္တသုတ်ပရိတ်ကို တစ်လရှစ်ကြိမ်စုဝေး၍ သရဇ္ဈာယ်ကြရန်၊ မေတ္တသုတ်ပရိတ်တော်လာ တရားစကားတို့ကို ဆွေးနွေးမေးမြန်းကြရန်လည်း မိန့်ကြားတော်မူလိုက်သည်။

မေတ္တသုတ်ကို အကြောင်းပြု၍ ရုက္ခစိုးနတ်တို့၏ ခြောက်လှန့်မှုများ ပျောက်ကွယ်သွားသည်သာမက ရဟန်းတော်တို့ကို အလုပ်အကျွေးပြုလာကြသည်ဖြစ်၍ တရားအလုပ်ကို ပြီးမြောက်အောင် ပြုလုပ်နိုင်ခဲ့ကြသည်။ မေတ္တာတရားကိုအခြေပြု၍ ဝိပဿနာကို ပွားစေကာပြီး အရဟတ္တဖိုလ်သို့ရောက်ကြသည်။

ထို့ပြင် သတ္တဝါမှန်သမျှ ကိုယ်ချမ်းသာကြပါစေ၊ ဘေးရန်ကင်းဝေးအေးချမ်းပါစေ၊ စိတ်လည်းချမ်းသာကြပါစေဟူ၍ မေတ္တာပို့ကြရမည်။ လူတစ်ယောက်နှင့်တစ်ယောက် လိမ်ညာလှည့်ဖြား စဉ်းလဲလှည့်ပတ်မှု မပြုကြပါစေနှင့် လူတစ်ယောက်နှင့် တစ်ယောက် နှိမ်ချဖိနှိပ်သောစကား မထီမဲ့မြင်ကို မပြုကြပါစေနှင့်၊ လူတစ်ယောက်နှင့် တစ်ယောက် ဒုက္ခဆင်းရဲရောက်ရသည့်အဖြစ်ကို အလိုမရှိကြပါစေနှင့်ဟူ၍လည်း ဆန္ဒပြုကြရမည်။ ခပ်သိမ်းသော သတ္တဝါတို့အပေါ်တွင် မေတ္တာစိတ်ပွားရာတွင် မိခင်သည် တစ်ဦးတည်းသော သားအပေါ်တွင် အသက်တမျှထားသည့် မေတ္တာမျိုးထားရှိရန်လည်း လမ်းညွှန်ထားပြီး မေတ္တာစျာန်သတိကို ရပ်လျက်ဖြစ်စေ၊ သွားလျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ၊ လျောင်းလျက်ဖြစ်စေ စွဲစွဲမြဲမြဲဆောက်တည်နေထိုင်ခြင်းကို ဗြဟ္မဝိဟာရခေါ် ထူးမြတ်သောနေခြင်းမျိုးဟူ၍လည်း မေတ္တသုတ်၌ ပြဆိုထားသည်။

မေတ္တာစျာန်ရပြီးသော ယောဂီသည် မှားသောအယူသို့လည်း မကပ်၊ သီလလည်းရှိ၍ မဂ်ဉာဏ်နှင့် ပြည့်စုံသူဖြစ်လျက် ကိလေသာကွယ်တာခြင်းတို့ကို အရှင်းပယ်ရှားပြီးသော် နောက်တစ်ဖန် ပဋိသန္ဓေမနေရတော့သည်ဖြစ်ရာ မေတ္တာစျာန်ဖြင့် နိဗ္ဗာန်သို့ပင် ရောက်နိုင်ကြောင်း ဘုရားရှင်က ဟောကြားခဲ့သည်။

သို့ဖြစ်ရာ ဝါခေါင်လပြည့် ထူးမြတ်သော မေတ္တာအခါတော်နေ့ကျရောက်သည့် ယနေ့အချိန်အခါသမယမှစတင်၍ ပြည်သူပြည်သားဝေနေယျသတ္တဝါအများ ငြိမ်းအေးချမ်းသာစေရေးအတွက် မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော မေတ္တသုတ်တရားတော်မြတ်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ ပွားများနာယူခြင်းဖြင့် ကောင်းကျိုးများကို အားလုံးဆောင်ကြဉ်းနိုင်ကြပါစေကြောင်း ရေးသားလိုက်ရပေသည်။

## စားသောက်ရေး အဆင်ပြေစေရန် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်း



**ပုဂံ ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်အတွင်းရှိ ဝင်ငွေနည်းအိမ်ထောင်စုများအတွက် စားသောက်ရေး အဆင်ပြေစေရန် ရည်ရွယ်၍ ယမန်နေ့က မန္တလေးမြို့မှ ရွှေနဒီအလှကုန်ရောင်းဝယ်ရေးမိသားစုက ပုဂံမြို့ ရတနာဘုံစံ တောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရအား အမှူးပြု၍ အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စားကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်းရာတွင် ဦးစွာ အလှူရှင်မိသားစုက ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရအား ဦးခိုက်ဖူးမြော်ကြည်ညို၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှအတန်းများပေးဝေကာ ဆရာတော်အား နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် အလှူရှင်မိသားစုများက ပုဂံမြို့ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ပရဟိတလူငယ်များအဖွဲ့နှင့်အတူ ညောင်ဦးမြို့၊ ပုဂံမြို့နှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဝင်ငွေနည်းအိမ်ထောင်စု ၁၀၀စုအား အိမ်ထောင်စုတစ်စုလျှင် ဆန် ၂ ပြည်၊ ဆီ ၂၅ ကျပ်သား၊ ဆားတစ်ထုပ်၊ ကြက်ဥ ၅ လုံး၊ လက်ဖက်၊ ပဲကြော် တစ်ထုပ်စီနှင့် ဆပ်ပြာမှုန့် တစ်ထုပ်စီတို့ကို ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၄၅)

ဝ-ဝ-ဝ-ဝ-ဝ



## မိုးစပါးစိုက်တောင်သူများအတွက် သွင်းအားစုများ ပံ့ပိုးပေးမည်

**မန္တလေး ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၀ မြို့နယ်ရှိ မိုးစပါးစိုက်ပျိုးကြသည့် တောင်သူများအတွက် နိုင်ငံ့စီးပွားရန်ပုံငွေဖြင့် လိုအပ်သည့်သွင်းအားစုများကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

အဆိုပါ မြို့နယ် ၁၀ မြို့နယ်ရှိ တောင်သူများကို နိုင်ငံ့စီးပွားရန်ပုံငွေဖြင့် မိုးစပါးများစိုက်ပျိုးထုတ်လုပ်နိုင်ရန် တစ်ဧကလျှင် နှစ်သိန်းနှုန်းဖြင့် ညီမျှသည့် သွင်းအားစုများကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ယင်းသွင်းအားစုပံ့ပိုးပစ္စည်းများကို မိုးစပါးစိုက်ဧက ၁၀၀၀၀ကျော် ဧကအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ခုလို နိုင်ငံတော်ကနေ ဆောင်ရွက်ပေးတာဟာ တောင်သူတွေ သွင်းအားစုတွေကို အလွယ်တကူ ထည့်သွင်းနိုင်ခြင်းကြောင့် တစ်ဧကအထွက်နှုန်းတွေတိုးတက်လာဖို့ ရည်ရွယ်ပါတယ်။ ဈေးနှုန်းဈေးကွက်သေချာပြီး တောင်သူတွေ ဝင်ငွေပိုမိုရရှိစေခြင်းနဲ့ နိုင်ငံ့စီးပွားတိုးတက်မြင့်မားလာစေဖို့လည်း ဖြစ်ပါတယ်။ စီမံကိန်းပါဝင်တဲ့ အစုအဖွဲ့အားလုံး အကျိုးအမြတ်ရရှိစေဖို့ဖြစ်တယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုပေါ်ပေါက်လာစေဖို့နဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ ပြည်ပဈေးကွက်တွေကို ပိုမိုချိတ်ဆက်မှုရှိစေဖို့ဖြစ်တယ်။ ပူးပေါင်းဆောင်ရွက်တဲ့ အလေ့အထတွေ ပိုမိုရရှိလာစေဖို့ ရည်ရွယ်ပါတယ်။ စပါးအဓိကစိုက်ပျိုးတဲ့ မြို့နယ်တွေကို ဆောင်ရွက်ပေးသွားမှာပါ။ ပြန်ဆပ်ကာလကိုတော့ ခြောက်လသတ်မှတ်ထားပါတယ်"ဟု ၎င်းက ရှင်းပြသည်။

နိုင်ငံ့စီးပွားရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးထုတ်လုပ်ကြမည့် မြို့နယ်အလိုက် စိုက်ပျိုးဧကများသည် ကျောက်ဆည်မြို့နယ်တွင် ဧက ၄၀၀၊ ညောင်ဦးမြို့နယ်တွင် ဧက ၂၀၀၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ဧက ၅၀၀၊ တံတားဦးမြို့နယ်တွင် ဧက ၅၅၀၀၊ မိတ္ထီလာမြို့နယ်တွင် ဧက ၆၀၀၊ သာစည်မြို့နယ်တွင် ဧက ၂၅၀၊ ဝမ်းတွင်းမြို့နယ်တွင် ဧက ၅၀၀၊ ရမည်းသင်းမြို့နယ်တွင် ဧက ၅၀၀၊ ပျော်ဘွယ်မြို့နယ်တွင် ဧက ၆၅၀၊ အမရပူရမြို့နယ်တွင် ဧက ၁၂၀၀ စုစုပေါင်းမိုးစပါးစိုက်ဧက ၁၀၀၀၀ ကျော်တို့အတွက် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၇၃)

## အွန်လိုင်းစနစ်ဖြင့် ကုန်ပစ္စည်းရောင်းချသည့် လုပ်ငန်းပေါင်း ၇၀၀၀ ကျော် မှတ်ပုံတင်လျှောက်ထား

**မန္တလေး ဩဂုတ် ၁၈**

အွန်လိုင်းစနစ်အသုံးပြု၍ ကုန်ပစ္စည်းရောင်းချသူများအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ မှတ်ပုံတင်ပြုလုပ်ရန် အသိပေးကြေညာထားရာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂ ရက်မှ ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၈ ရက်အတွင်း လာရောက် မှတ်ပုံတင်သည့် လုပ်ငန်းပေါင်း ၇၁၆၉ ခုရှိကြောင်း သိရသည်။

အဆိုပါ အွန်လိုင်းစနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်သူများသည် မှတ်ပုံတင်ခြင်းမရှိဘဲ ဆောင်ရွက်ပါက ဩဂုတ် ၁ ရက်မှ စတင် အရေးယူမည်ဟု ထပ်မံအသိပေးကြေညာခဲ့ရာ လာရောက် မှတ်ပုံတင်သူများပြားကြောင်း ယင်းဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီလကစပြီး အရေးယူမှုတွေလုပ်မှာဖြစ်လို့ အွန်လိုင်းမှာ ဈေးရောင်းသူတွေအနေနဲ့ မှတ်ပုံတင်ပြုလုပ်ကြဖို့လိုပါတယ်။ မန္တလေးမှာဆိုရင် ၃၅လမ်းက ကုန်သွယ်ရေးဦးစီးရုံးမှာ မှတ်ပုံတင်လုပ်လို့ရသလို အွန်လိုင်းကနေလည်း လုပ်လို့ရတယ်။ ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂၁ ရက်နေ့က မှတ်ပုံတင်ပြုလုပ်ကြဖို့ အသိပေးကြေညာခဲ့ပါတယ်"ဟု ၎င်းက ပြောသည်။

၂၀၂၃ခုနှစ်၊ အောက်တိုဘာ ၂ ရက်မှ ၂၀၂၄ခုနှစ်၊ ဩဂုတ် ၈ ရက်အတွင်း မှတ်ပုံတင်လျှောက်ထားသည့် လုပ်ငန်းပေါင်း ၇၁၆၉ ခု ရှိပြီဖြစ်ကြောင်း၊ ယင်းကဲ့သို့ မှတ်ပုံတင်လျှောက်ထားကြရမည်ဖြစ်ကြောင်းကို ၂၀၂၃ ခုနှစ် ဇူလိုင် ၂၁ ရက်နေ့မှစ၍ ထုတ်ပြန်အသိပေးခဲ့ခြင်းဖြစ်သည်။

"အွန်လိုင်းစနစ် ရောင်းချတဲ့လုပ်ငန်းတွေကို ၂၀၂၃ အောက်တိုဘာ ၂ရက်ကနေ ဒီဇင်ဘာ ၃၁ရက်အတွင်း ခွင့်ပြုခဲ့တဲ့ မှတ်ပုံတင်တွေကို ၆လ သက်တမ်းနဲ့ မှတ်ပုံတင်ကြေး ကင်းလွတ်ခွင့်ပြုခဲ့တယ်။ ဒီနှစ် ဇန်နဝါရီလကစပြီး မှတ်ပုံတင်ရင် အခကြေးငွေကောက်ခံပြီး သက်တမ်း ၂နှစ်အထိ ခွင့်ပြုတယ်။ အွန်လိုင်းက မှတ်ပုံတင်မယ်ဆိုရင် www.ec-omreg.gov.mm မှာ မှတ်ပုံတင်နိုင်တယ်"ဟု ဆက်လက်ပြောကြားသည်။

မှတ်ပုံတင်သက်တမ်းကို ၂ နှစ်အထိ ခွင့်ပြုထားပြီး သက်တမ်း ၂ နှစ်ရှိသည့် ကုမ္ပဏီ(သို့မဟုတ်) စီးပွားရေးအဖွဲ့များ၏ မှတ်ပုံတင်ကြေးကို ငွေကျပ် ၇၀၀၀၀၊ သက်တမ်းတိုးကြေး ငွေကျပ် ၇၀၀၀၀၊ ပြင်ဆင်ကြေးတစ်ချက်လျှင် ကျပ် ၃၀၀၀ ကောက်ခံသွားမည်ဖြစ်ကြောင်း၊ SME လုပ်ငန်းများအတွက် မှတ်ပုံတင်ကြေး ငွေကျပ် ၅၀၀၀၀၊ သက်တမ်းတိုးကြေး ငွေကျပ် ၅၀၀၀၀၊ ပြင်ဆင်ကြေးတစ်ချက်လျှင် ကျပ် ၃၀၀၀နှင့် လူပုဂ္ဂိုလ်တစ်ဦးချင်း မှတ်ပုံတင်ကြေးမှာ ငွေကျပ် ၃၀၀၀၀၊ သက်တမ်းတိုးကြေး ငွေကျပ် ၃၀၀၀၀၊ ပြင်ဆင်ကြေးတစ်ချက်လျှင် ငွေကျပ် ၃၀၀၀ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)


ဝ-ဝ-ဝ-ဝ-ဝ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိစဉ်။ (သတင်း-ရှေ့ဖုံး)



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆလုံဆိုင်း ခွန်မဆစ်တို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်း-ရှေ့ဖုံး)

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မကုဋာရာမ မြန်မာကျောင်းတိုက်ကြီး၏ နှစ်တစ်ရာပြည့်အထိမ်းအမှတ်ပွဲ အခမ်းအနားသို့ တက်ရောက်ရန် သီရိလင်္ကာနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၈

သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် သီရိလင်္ကာနိုင်ငံ ကိုလံဘို မြို့၌ ဩဂုတ် ၂၀ ရက်မှ ၂၂ ရက်အထိကျင်းပမည့် မြန်မာဆရာတော်ကြီး ဘဒ္ဒန္တဝိနယာလင်္ကာရ တည်ထောင်တော်မူခဲ့သော မြန်မာ့ဂုဏ်ဆောင် မ ကုဋာရာမ မြန်မာကျောင်းတိုက်ကြီး၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် အခြားသာသနာရေး ဆိုင်ရာ အခမ်းအနားများ တက်ရောက်ရန် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ သီရိလင်္ကာနိုင်ငံ ကိုလံဘို မြို့သို့ လေကြောင်းခရီးဖြင့်ထွက်ခွာရာ သာသနာ ရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ် ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ဒုတိယဝန်ကြီး ဦးစိုးကြည် ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်တို့ရှိ အရာထမ်း၊ အမှုထမ်းအိမ်ရာများနှင့် အဆောင်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



## မှာကြား

ယင်းနောက် ဒုတိယဝန်ကြီးက ဝန်ထမ်းအိမ်ရာနှင့် အဆောင်များတွင် မသက်ဆိုင်သူများ ဝင်ရောက်နေထိုင်မှုမရှိစေရေး စိစစ်ကြပ်မတ်ရန်၊ ဝန်ထမ်းအိမ်ရာနှင့် အဆောင်နေထိုင်သူများအနေဖြင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန်၊ သန့်ရှင်းသပ်ရပ်ပြီး နေချင်စဖွယ်ဖြစ်စေရန်နှင့် ခြင်အန္တရာယ် ကင်းဝေးစေရန်အတွက် အုပ်ဆိုင်းနေသော အပင်များအား အလင်းဖွင့်ခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းစေရန် ဆောင်ရွက်ခြင်းများ ပူးပေါင်းဆောင်ရွက်ကြရန်၊ မီးဘေးအန္တရာယ်မဖြစ်ပွားစေရေး အထူးအလေးထား နေထိုင်ကြရန်နှင့် ရေကိုအကျိုးရှိရှိ ချွေတာသုံးစွဲကြရန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ထားသော အိမ်ရာစည်းကမ်းများအတိုင်း လိုက်နာနေထိုင်ကြရန်နှင့် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် လုံခြုံရေးအသိလုံခြုံရေးသတိရှိရှိ နေထိုင်သွားကြရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် အိမ်ရာကြီးကြပ်သူ တိုက်တာဝန်ခံများ၊ နေထိုင်သူဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး အိမ်ရာအလိုက် ဝန်ထမ်းမိသားစုများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၁၈

| | | | | |
|---|---|---|---|---|
| စစ်တွေ | ၅ | ဒသမ | ၆၃ | လက်မ |
| မာန်အောင် | ၅ | ဒသမ | ၁၂ | လက်မ |
| ဓူ | ၄ | ဒသမ | ၈၉ | လက်မ |
| ငပုတော | ၃ | ဒသမ | ၇၅ | လက်မ |
| မော်လိုက် | ၃ | ဒသမ | ၃၅ | လက်မ |
| ဟုမ္မလင်း | ၃ | ဒသမ | ၁၁ | လက်မ |

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၈

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။ **မိုး/စလ**

တံတားနှင့်လမ်း၊ ဆေးခန်းနှင့်ကျောင်း၊ ဆည်မြောင်းနှင့်ကန် သစ်ပင်ရုံမှ၊ သဏ္ဌာန်လှပ၊ ပန်းရလိမ့်။

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ အစားအစာတီထွင်ဆန်းသစ်မှုဌာနတွင် MSME အကျိုးပြုလုပ်ငန်းများမှ ရလဒ်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၈**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ဓာတုနည်းပညာ သုတေသနဇဗ္ဗဟိုဌာနတွင် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေစီမံကိန်း(၂၀၂၀)ဖြင့် MSME စားသောက်ကုန် လုပ်ငန်းရှင်များကို သင်တန်းများပေးခြင်း၊ နည်းပညာများကို ပံ့ပိုးလွှဲပြောင်းပေးခြင်းနှင့် ကုန်ကြမ်းပေး-ကုန်ချောယူ ဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် အဆိုပါဌာနရှိ လုပ်ငန်းများဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။



**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဦးစွာ ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများ၊ မျိုးဆက်သစ်လူငယ်သုတေသီများကို ရင်းရင်းနှီးနှီး တွေ့ဆုံကာ လုပ်ငန်းခွင်တွင် ပျော်ရွှင်အဆင်ပြေစွာ လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်အခက်အခဲများကိုမေးမြန်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဌာနတာဝန်ခံက မဲခေါင်-လန်ချန်း စီမံကိန်းဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်မှုမှ ရရှိသည့်အကျိုးကျေးဇူးများ၊ သစ်သီးများကို မူလအရောင်၊ အနံ့၊ အရသာမပျက်စေဘဲ အာဟာရဓာတ်များ ပြည့်ဝစွာ ကြာရှည်ခံအောင် စမ်းသပ်ထုတ်လုပ်ထားသော တန်ဖိုးမြှင့်စားသောက်ကုန်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှရရှိသော ဒေသထွက်ကုန်ကြမ်းများမှ တန်ဖိုးမြှင့်စားသောက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးလာကာ ပြည်တွင်းဖူလုံမှုမှသည် နိုင်ငံတကာ ဈေးကွက်အထိ ထိုးဖောက်နိုင်ရေး နည်းပညာများအပြင် စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရေး ပူးပေါင်းပံ့ပိုးပေးရန်၊ နည်းပညာမြင့် ကုန်ထုတ်စက်ပစ္စည်းများကို ဆက်စပ်ဌာနများနှင့် ပူးပေါင်း ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ သုတေသနရလဒ်များနှင့် နည်းပညာများကို စွန့်ဦးတီထွင် လုပ်ငန်းရှင်များထံ လွှဲပြောင်းပေးမှုကို မြှင့်တင်ဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် သုတေသီများ၏အဖွဲ့လိုက်ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်ချက်နှင့် ကိုက်ညီစေရေးနှင့် ပြည်သူ့လူမှုစီးပွားဘဝများ ဖွံ့ဖြိုးရေး တိုက်ရိုက်အကျိုးပြုလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားကာ တာဝန်ရှိသူများနှင့် မျိုးဆက်သစ်လူငယ်သုတေသီများကို သုတေသနဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ရတနာပုံတက္ကသိုလ်၌ နှံ့သာဆောင်၊ မန္တလေးဆောင်နှင့် သီရိဆောင်(မောင်နှမဆောင်)မိသားစု မိတ်ဆုံစားပွဲနှင့် ဂီတပဒေသာကပွဲ ကျင်းပပြုလုပ်

**မန္တလေး ဩဂုတ် ၁၈**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ရတနာပုံတက္ကသိုလ်၌ နှံ့သာဆောင်(ကျောင်းသူဆောင်)၊ မန္တလေးဆောင်(ကျောင်းသားဆောင်)နှင့် သီရိဆောင်(ကျောင်းသူဆောင်)မိသားစုတို့၏ မိတ်ဆုံစားပွဲနှင့် ဂီတပဒေသာကပွဲကို ယနေ့ မွန်းတည့် ၁၂နာရီက အဆိုပါတက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပပြုလုပ်သည်။

ဦးစွာ ဒုတိယပါမောက္ခချုပ် ဒေါက်တာသွယ်လင်းကိုက အဖွင့်အမှာစကားနှင့် ဝမ်းမြောက်ဂုဏ်ပြုစကားပြောကြားသည်။ ထို့နောက် အဆောင်အသီးသီးကိုယ်စား သီရိဆောင် အဆောင်မှူး ဒေါက်တာမေမြင့်သွယ်က အမှတ်တရစကားပြောကြားကြပြီး အဆောင်အသီးသီးတို့မှ ကျောင်းသား၊ ကျောင်းသူများ ကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မိတ်ဆုံစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည့် ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာသွယ်လင်းကို၊ ဒေါက်တာဦးခင်မြို့၊ ဒေါက်တာခင်မော်မော်စိုး၊ ဒေါက်တာဦးဝင်းနိုင်၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများ၊ အဆောင်မှူးများနှင့် ဖိတ်ကြားထားသူများအား အဆောင်အသီးသီးမှ ကျောင်းသား၊ ကျောင်းသူလေးများက အကအလှများ၊ တေးသီချင်းများဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။ **(ဝ၈၂)**

# အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် အသက် ၂၁နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆီးမီးဖိုင်နယ်ပွဲများ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၈**

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် မြန်မာဘော်လီဘောလူမှုရေးအသင်းအမှုဆောင်ဖလား အသက် ၂၁နှစ်အောက် အမျိုးသား၊ အမျိုးသမီးတံခွန်စိုက် ဆီမီးဖိုင်နယ်ပြိုင်ပွဲများကို ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံတွင် ယမန်နေ့က ကျင်းပခဲ့ရာ ပြိုင်ပွဲသို့ မြန်မာဘော်လီဘောလူမှုရေးအသင်းဥက္ကဋ္ဌ ဦးရဲနိုင်နှင့် အမှုဆောင်များ၊ ပြိုင်ပွဲဝင်အသင်းတို့မှ အုပ်ချုပ်သူနည်းပြများ၊ အားကစားဝါသနာရှင်များ၊ ပြည်သူများ ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲ အမျိုးသားပွဲတွင် မန္တလေးတိုင်းလက်ရွေးစင်အသင်းက အား/ကာသိပ္ပံ ရန်ကုန်အသင်းကို ၃ပွဲပြတ်ဖြင့် နိုင်ပြီး အလားတူ ရှမ်းလူငယ်အသင်းက UG အသင်းကို ၃ပွဲပြတ်ဖြင့် နိုင်ကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားကာ အမျိုးသမီးပွဲတွင် ရန်ကုန်လူငယ်အသင်းနှင့် Youth Camp အသင်းတို့ ဗိုလ်လုပွဲတက်ရောက်၍ ဩဂုတ် ၁၉ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ဆုကြေးငွေအဖြစ် အမျိုးသားပြိုင်ပွဲ ပထမဆုငွေကျပ် သိန်း ၁၀၀၊ ဒုတိယဆု ငွေကျပ်သိန်း ၅၀၊ တတိယဆု ငွေကျပ် ၂၅သိန်း၊ စတုတ္ထဆု ငွေကျပ် ၁၅သိန်း၊ အကောင်းဆုံးဆု ငွေကျပ် ၁၀သိန်း၊ အမျိုးသမီးပြိုင်ပွဲ ပထမဆု ငွေကျပ် သိန်း ၆၀၊ ဒုတိယဆုငွေကျပ် သိန်း ၃၀၊ တတိယဆု ငွေကျပ် ၁၅သိန်း၊ စတုတ္ထဆု ငွေကျပ် ၁၀ သိန်း၊ အကောင်းဆုံးဆု ငွေကျပ် ၅သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်း)**

ဝ-ဝ-ဝ-ဝ-ဝ






# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနေကြာစိုက်ဧက ၇၄ဝဝကျော် စိုက်ပျိုးပြီးစီး

**ရမည်းသင်း ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီးအတွင်း ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနေကြာစိုက်ဧက ၇၄ဝဝကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

အဆိုပါ မိုးနေကြာစိုက်ဧကများကို ရမည်းသင်းမြို့နယ်ရှိ တောင်သူများက မေလနောက်ဆုံးပတ်မှစ၍ လျာထားစိုက်ဧက ၉၇၂၈ဧကကို စတင်စိုက်ပျိုးခဲ့ရာ ယနေ့အချိန်တွင် မိုးနေကြာစိုက်ပျိုးပြီးဧကသည် ၇၄၄၃ဧက စိုက်ပျိုးပြီးပြီဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် မိုးနေကြာစိုက်ဧကများကို ဆက်လက်စိုက်ပျိုးနေလျက်ရှိကြောင်း သိရသည်။

"ရမည်းသင်းမြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးရာသီ နေကြာဧက ၉၇၂၈ လျာထားဧကကို စိုက်ပျိုးသွားမှာပါ။ ခုလိုစိုက်ပျိုးနေပေးတာ ပြည်တွင်းဆီစားသုံးမှုမှာ သန့်ရှင်းပြီး ကျန်းမာရေးနဲ့ညီတဲ့ စားသုံးသူတွေအတွက် ဘေးအန္တရာယ်ကင်းရှင်းတဲ့ ဆီစားသုံးနိုင်ဖို့ပါ။ ဈေးကွက်ထဲမှာလည်း ဈေးနှုန်းမတည်ငြိမ်ဖြစ်တာကြောင့် စားသုံးဆီဈေးကွက်မှာလည်း နေကြာစိုက်ပျိုးပြီးတော့မှ ဆီဈေးကွက်ကို တည်ငြိမ်စေဖို့ပါ။ ဆီတွေကို ပြည်ပက သွင်းရတဲ့အခါကြတော့ သွင်းကုန်အစာထိုးအနေနဲ့ ပြည်တွင်းမှာလည်း စိုက်ပျိုးထုတ်လုပ်ပြီးတော့မှ ထွက်ရှိလာတဲ့ ဆီကို ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်စေဖို့နဲ့ ဆီဈေးကွက်အတွင်း လိုအပ်နေတဲ့ဆီတွေကို ဖြည့်တင်းနိုင်ဖို့ပါ။ ပြည်ပကတင်သွင်းနေတာကို ပြည်တွင်းမှာ စိုက်ပျိုးပြီးတော့မှ ထုတ်လုပ်နိုင်ဖို့ ရည်ရွယ်တာပါ"ဟု ၄င်းက ရှင်းပြသည်။

အဆိုပါ မြို့နယ်တွင် မိုးရာသီ၌ ဆောင်းနေကြာစိုက်ဧက ၉၇၂၈ ကို လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးကြရာတွင် တောင်သူများက သီးသန့်စိုက်ပျိုးခြင်းများရှိသကဲ့သို့ ကုလားပဲသီးနှံနှင့်လည်း ညှပ်ပြီး စိုက်ပျိုးခြင်းများရှိကြောင်း၊ စိုက်ပျိုးနေသည့် နေကြာမျိုးများသည် ဆင်းရွှေကြာ(၂)နှင့် ရေဆင်းစပ်မျိုး(၁) နေကြာနှစ်မျိုးကို အဓိကထား စိုက်ပျိုးနေကြောင်း သိရသည်။

**(ဝ၇၃)**

# သရက်မြို့တွင် ကျင်းပသည့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ



**သရက် ဩဂုတ် ၁၈**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေ လေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှ ရရှိသော အသိပညာ ဗဟုသုတများကို ပြန်လည် အသုံးချမှုဝေနိုင်ရန်ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးအား မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်း၊ သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေး၊ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်၊ လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီး ဦးအောင်သူဦးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကာ ပါဝင်ကူညီခဲ့သည့် ဘင်ခရာအဖွဲ့နှင့် ပန်းပွားအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက ကျောင်းအတွင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြခန်း၊ ပညာရေးဌာနပြခန်း၊ အစိုးရစက်မှုလက်မှုသိပ္ပံပြခန်း၊ စိုက်ပျိုးရေးဦးစီးဌာနပြခန်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနပြခန်း၊ သစ်တောဦးစီးဌာနပြခန်း၊ မီးသတ်ဦးစီးဌာနပြခန်း၊ ကျောင်းစာကြည့်တိုက်၊ ဂိမ်းကစားပြိုင်ပွဲများနှင့် စာအုပ်အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား ရေသန့်ဘူးနှင့် စားသောက်ဖွယ်ရာများ ဝေငှပေးခဲ့သည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို သရက်ခရိုင်ခန်းမ၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက အလှဆုံးပန်းများပွင့်ကြပြီ သီချင်းဖြင့် ဖျော်ဖြေကာ ဖွင့်လှစ်ခဲ့ပြီး စာပဒေသာဝေဆာစေမည် Video Clip အား ပြသခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လူ့အရင်းအမြစ်များကို အခြေခံ၍ တည်ဆောက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းသူ၊ ကျောင်းသား၊ လူငယ်၊ လူရွယ်များအား အဓိကပြုစုပျိုးထောင်၍ ဝိုင်းဝန်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများသည် အနာဂတ်နိုင်ငံတော်ကို ပခုံးပြောင်းတာဝန်ယူမည့်သူများဖြစ်သည့်အတွက် ဗလငါးတန် ပြည့်စုံဖို့လိုကြောင်း၊ ယနေ့ပွဲတော်သည် ဗလငါးတန်ထဲမှ "ဉာဏဗလ"ကို ဖွံ့ဖြိုးတိုးတက်စေဖို့ အကောင်အထည်ဖော် ဆောင်ရွက်ပေးသည့်ပွဲတော်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေနဲ့ ပညာရည်မြှင့်တင်ရေး လှုပ်ရှားမှုများကို အားပေးမြှင့်တင်ဖို့ လိုအပ်တာကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ "ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု"ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့်လည်း ကျောင်းစာကြည့်တိုက်ကို စိတ်ဝင်တစားအသုံးပြုလာတာနဲ့အမျှ စာပေကိုခင်တွယ်တန်ဖိုးထားတတ်သည့် စိတ်တွေ ဖြစ်ထွန်းလာမှာဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာရည်မြင့်မားမှသာ မိမိဘဝတိုးတက်မည်ဖြစ်သည်ကို သိရှိနားလည်ရန် လိုအပ်ပါကြောင်းနှင့် ဆရာ၊ ဆရာမများကလည်း ကျောင်းသား၊ ကျောင်းသူများအား စာကြည့်တိုက်ကို အသုံးပြုသည့် အလေ့အထကောင်းများရှိလာစေရေး တွန်းအားပေး ဆောင်ရွက်ကြရန် လိုကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် "ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများကို ဆောင်ရွက်ခြင်းဖြင့် ဗဟုသုတပြည့်စုံကြွယ်ဝသည့် အနာဂတ်မျိုးဆက်သစ်လူငယ်များ ဖြစ်စေရေး" နိုင်ငံတော်ရဲ့ အရေးကြီးတာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူလေးများက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး စာပေဟောပြောပွဲတွင် ပါဝင်ကူညီခဲ့သည့် စာရေးဆရာ အောင်ကျော်စိုး(သရက်)အား အမှတ်တရလက်ဆောင်ပေးအပ်ခြင်း၊ စာပေဆိုင်ရာ စကားရည်လုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စကားရည်လုပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ သီဆိုဖျော်ဖြေခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပြီး ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များ လှူဒါန်းခဲ့သည်။

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဩဂုတ် ၁၇ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့ပြီး အဆိုပါပွဲတော်တွင် စာဖတ်ဝိုင်း၊ စာပေဆိုင်ရာ စကားရည်လုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ ဌာနဆိုင်ရာပြခန်းများ၊ စာအုပ်အရောင်းဆိုင်များ၊ ဂိမ်းကစားပြိုင်ပွဲများကို ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

၀-၀-၀-၀-၀

# မော်လိုက်မြို့နယ်၌ VDP စီမံကိန်းရေးဆွဲနည်းနှင့် AVIP သင်တန်းဖွင့်ပွဲ ကျင်းပ

**မော်လိုက် ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဆောင်ရွက်မည့် ကျေးရွာ ၂ ရွာမှ ကော်မတီဝင်များအား စွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်၍ (VDP)စီမံကိန်းရေးဆွဲနည်းနှင့် စီမံကိန်းရန်ပုံ ငွေသုံးစွဲရေးအစီအစဉ်(AVIP) သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၃ ရက်နံနက်ပိုင်းက မော်လိုက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မော်လိုက်မြို့နယ်စီမံအုပ်ချုပ်အဖွဲ့ ဥက္ကဋ္ဌ ဦးဝဏ္ဏထွန်းက အဖွင့်အမှာစကားပြောကြားပြီး မော်လိုက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးပပထွန်းက သင်တန်းသား၊သင်တန်းသူများအနေဖြင့် ကျေးရွာနှင့်ပူးပေါင်း၍ သင်တန်းမှ သင်ကြားပေးလိုက်သော သင်ခန်းစာများကို လက်တွေ့အသုံးချပြီး ဦးစားပေးအလိုက် ရွေးချယ်ထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးတို့ကို အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါသင်တန်းသို့ မော်လိုက်မြို့နယ်အတွင်းရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ(၂)ရွာမှ ကော်မတီဝင် (၆)ဦး တက်ရောက်ကြပြီး သင်တန်းနည်းပြများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရေးဆွဲနည်း (AVIP) သင်တန်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို ဩဂုတ် ၁၃ရက်မှ ဩဂုတ် ၁၅ရက် အထိ ၃ရက်ကြာ စာတွေ့၊လက်တွေ့ အခမဲ့သင်ကြား ပို့ချခဲ့ကြောင်း မော်လိုက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးပပထွန်းက ပြောပြ၍ သိရသည်။

(၀၄၀)




**အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁)အနိုင်၊ အရှုံး**

| | | |
|---|---|---|
| ဗီရိုနာ | ၃ - ၀ | နာပိုလီ |
| ဘိုလော့ဂ်နာ | ၁ - ၁ | အူဒီးနိစ် |
| ကက်ဂလီယာရီ | ၀ - ၀ | ရိုးမား |
| လာဇီယို | ၃ - ၁ | ဗီနီဇီယာ |

**စပိန် လာလီဂါဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁)အနိုင်၊ အရှုံး**

| | | |
|---|---|---|
| ဆိုစီဒက် | ၁ - ၂ | ဗယ်လက်ကာနို |
| မာယော့ကာ | ၁ - ၁ | ရီးရဲလ်မက်ဒရစ် |



# ဇင်မင်းထွန်း၏ ဂိုးဖြင့် ပုသိမ်တွင် အောင်ပွဲခံခဲ့သည့် ဒဂုံစတားယူနိုက်တက်

**ပုသိမ် ဩဂုတ် ၁၈**

ယနေ့ ညနေက ပုသိမ်ကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ကစားခဲ့ကြပြီး ဒဂုံစတားယူနိုက်တက်အသင်းက တိုက်စစ်မှူး ဇင်မင်းထွန်း၏ တစ်ဂိုးတည်းဖြင့် အိမ်ရှင်အသင်းကို အနိုင်ရခဲ့သည်။

ယနေ့ပွဲတွင် နှစ်သင်းစလုံးမှ ပွဲစတင်သည်နှင့်တစ်ပြိုင်နက် တစ်သင်းနှင့်တစ်သင်း မာမာထန်ထန် တုံ့ပြန်ကစားခဲ့ကြသည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် ပွဲချိန် ၄၃ မိနစ် တွင် နောက်ခံလူ ငြိမ်းချမ်း တိုက်ရိုက်အနီကတ်ဖြင့် အထုတ်ခံခဲ့ရသည်။ ပထမပိုင်းတွင် ဂိုးမရှိသရေကျခဲ့သည်။

ဒုတိယပိုင်း ပွဲချိန် ၇၄ မိနစ်တွင် ဒဂုံစတားယူနိုက်တက်အသင်းမှ ဦးဆောင်ဂိုးစတင်ရခဲ့ပြီး လူစားဝင်ရောက်လာသည့် ဇင်မင်းထွန်းက သွင်းယူပေးခဲ့သည်။ လက်ကျန်မိနစ်များတွင် အိမ်ရှင်အသင်းမှ ချေပဂိုး ပြန်လည်မရခဲ့သည့်အတွက် ပွဲအပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရသွားခဲ့သည်။

(NGB)

# သားရွှေဥ ဏာ ပညာ၏ပမာ

ကျွန်ုပ်တို့သည် စကားပြောရာတွင်လည်းကောင်း၊ စာရေးရာတွင်လည်းကောင်း၊ တန်ဆာဆင်၍ ပြောဆိုရေးသားလေ့ရှိသည်။ မိမိပြောလိုသော စကားကို အနက်အဓိပ္ပာယ်ပေါ်လွင်စေ၍ ထိရောက်စေလိုသောအခါ အလင်္ကာတန်ဆာတို့ကို အသုံးပြု၍ ပြောဆိုရေးသားကြသည်။

**အလင်္ကာရ(၂)မျိုး**

အလင်္ကာကျမ်းများ၌ အလင်္ကာနှစ်မျိုးကို ပြဆိုသည်။ ၎င်းတို့မှာ (၁) အသံတန်ဆာဟုဆိုသော သဒ္ဒါလင်္ကာရနှင့် (၂) အနက်တန်ဆာဟုဆိုသော အတ္ထာလင်္ကာရ တို့ဖြစ်သည်။

သဒ္ဒါလင်္ကာရကား အလင်္ကာကျမ်းများ၌ ကြည်လင်ဖွယ်ရှိခြင်း(ပသာဒဂုဏ်)၊ ချဉ်းခြင်း၊ ချိုခြင်း (သြဇာဂုဏ်)စသည်ဖြင့် ဂုဏ် ၁၀ ပါးကို ပြဆို၍ အတ္ထာလင်္ကာရကား တိုက်ရိုက်ပြောသဘာဝဝုတ္တိအလင်္ကာနှင့်သွယ်ဝိုက်ပြော ဝင်္ကဝုတ္တိအလင်္ကာတို့ဖြစ်သည်။ အလင်္ကာကျမ်းများ၌ အသုံးများသော ဝင်္ကဝုတ္တိအလင်္ကာ ၃၅ မျိုးကို ပြဆိုရာ ဥပမာအလင်္ကာသည် ထိုဝင်္ကဝုတ္တိအလင်္ကာ ၃၅ မျိုးတွင် ပါဝင်လေသည်။

**ဥပမာအလင်္ကာ**

ဥပမာအလင်္ကာသည် စာဆိုတို့ အများဆုံးအသုံးပြုရေးသားလေ့ရှိသော အလင်္ကာတန်ဆာဖြစ်သည်။ ဥပမာအလင်္ကာတွင် သာမန်အားဖြင့် အစိတ်အပိုင်းလေးခုပါဝင်သည်ဟု ပညာရှင်တို့ မိန့်ဆိုသည်။

သာဓက-၁ "မြွေသည် ထွန်တုံးကဲ့သို့ လုံးလုံးရှည်ရှည်ဖြစ်သည်" ဟူသော ဝါကျ၌

၁။ မြွေ= ဥပမေယျ(အနှိုင်းခံပုဒ်)၊ ထွန်တုံး= ဥပမာန(နှိုင်းကြောင်းပြပုဒ်)၊ ၃။ ကဲ့သို့= ဥပမာဇောတက(အနှိုင်းပြပုဒ်) လုံးလုံးရှည်ရှည်=ဥပမာ(နှိုင်းချက်)ဖြစ်သည် ပညာရှင်တို့ ခွဲခြားပြသည်။

သာဓက-၂ "မြတ်စွာဘုရား၏ မျက်နှာတော်သည် ပဒုမ္မာကြာပွင့်ကဲ့သို့ အလွန်တင့်တယ်တော်မူ၏။ (အပြန်အလှန်အားဖြင့်) ပဒုမ္မာကြာပွင့်သည် အလွန်လှပတင့်တယ်သကဲ့သို့ မြတ်စွာဘုရား၏ မျက်နှာတော်သည် အလွန်သပ္ပါယ်တင့်တယ်တော်မူ၏။

ဤအဖွဲ့၌ ပဒုမ္မာကြာပန်းနှင့် ဘုရားရှင်

> "ပညာ၏ ဥပမာနှင့် ပတ်သက်၍ စာတော်ပြင် ဆရာကြီး ဦးပညာ၏ သားရွှေဥဆုံးမစာမှ ထုတ်နုတ်တင်ပြလိုပါသည်။ "သားရွှေဥဆုံးမစာ"ပါ ပညာ၏ ဥပမာတို့မှာ စကားတန်ဆာအတွက်သာမက ဆိုလိုရင်းအနက်အဓိပ္ပာယ်ကိုပါ စာဖတ်သူတို့အား အလွယ်တကူ အဓိပ္ပာယ်ပေါက်စေပါသည်"

မျက်နှာတော်တို့၏ လှပတင့်တယ်သော ဂုဏ်အချင်းချင်းတူညီပုံကို (ဥပမာ)ကပ်၍ ပြဆိုသောကြောင့် ဂုဏ်အချင်းချင်းဥပမာကပ်ခြင်းသဘောကို ဆောင်သည်ဟု ပညာရှိတို့ ညွှန်းဆိုသည်။

ဤဥပမာ၌- ဘုရားရှင်၏ မျက်နှာတော်= ဥပမေယျ(အနှိုင်းခံပုဒ်)

ပဒုမ္မာကြာ= ဥပမာန(နှိုင်းကြောင်းပြပုဒ်)

ကဲ့သို့= ဥပမာဇောတက(အနှိုင်းပြပုဒ်)တို့ကို ထင်ရှားစွာ သိမြင်နိုင်၏။

တကယ်ဆိုမူ ဥပမာအလင်္ကာ၌ (၁) သဒ္ဒါအားဖြင့် သိအပ်သော ဥပမာ၊ (၂)အနက်အားဖြင့် သိအပ်သော ဥပမာ၊ (၃) အဖွဲ့ဝါကျတစ်ခုလုံးအားဖြင့် သိအပ်သော ဥပမာဟူ၍ အကြမ်းအားဖြင့် သုံးမျိုးခွဲသည်။ ထိုမှ ဥပမာအလင်္ကာများစွာ တိုးပွားပုံကို အလင်္ကာကျမ်းများ၌ ပြဆိုသည်။

(ဤဆောင်းပါးသည် ဥပမာအလင်္ကာနှင့်ပတ်သက်၍ ဥ၊ ဓ၊ ဘ၊ တ ပညာရှာကျောင်းသားလူငယ်တို့ အလွယ်တကူမှတ်သားနိုင်ရန်နှင့် ပညာတန်ဖိုးအရေးကြီးပုံကို ရည်ညွှန်းရေးသားခြင်းဖြစ်သဖြင့် အကျယ်သုတကို သိလိုက အလင်္ကာကျမ်းများ၌ ရှာဖွေပါလေ။)

**(စကားချပ်)**

**'ပညာ၏ ဥပမာ'**

ရှေးကဗျာစာဆိုတို့သည် လောကကြောင်း၊ ဓမ္မကြောင်း၊ ရာဇကြောင်းတို့ကို အလင်္ကာတန်ဆာ တို့ဖြင့် ဖွဲ့ဆိုရေးသားခဲ့ရာ နောင်းလူတို့အတွက် လွန်စွာမှတ်သားဖွယ်ကောင်းလှသည်။ စာသင်သားကျောင်းသားလူငယ်တို့အတွက် ရည်ညွှန်းဖွဲ့ဆိုခဲ့ကြသော ရှေးကဗျာလင်္ကာစာဆိုတို့၏ ဥပမာပြရေးသားဖွဲ့ဆိုမှုများမှာ အဖိုးမဖြတ်နိုင်သော ရတနာမွန်များပင် ဖြစ်ပေသည်။

ပညာ၏ ဥပမာနှင့် ပတ်သက်၍ စာတော်ပြင်ဆရာကြီး ဦးပညာ၏ သားရွှေဥဆုံးမစာမှ ထုတ်နုတ်တင်ပြလိုပါသည်။ "သားရွှေဥဆုံးမစာ"ပါ ပညာ၏ ဥပမာတို့မှာ စကားတန်ဆာအတွက်သာမက ဆိုလိုရင်း အနက်အဓိပ္ပာယ်ကိုပါ စာဖတ်သူတို့အား အလွယ်တကူ အဓိပ္ပာယ်ပေါက်စေပါသည်။

လူ့ဘဝသက်တမ်းကို အရွယ်သုံးပါးဖြင့် ပိုင်းခြားလျှင် ပထမအရွယ်၌ ပညာရှာ၊ ဒုတိယအရွယ်၌ စီးပွားရှာ၍ တတိယအရွယ်၌ ကုသိုလ်ဘာဝနာ ရှာရလေသည်။ အကယ်၍ ပထမ အရွယ်၌ ပညာကို အပတ်တကုတ်ကြိုးစားအားထုတ်၍ မသင်ကြားခဲ့ပါမူ အလွန်လှပကျော့ရှင်းသော ဟင်္သာတို့၏ အလယ်တွင် ရောက်နေသော အရုပ်ဆိုးအကျည်းတန်သည့် ဥဇိုးငှက်ကဲ့သို့ ပညာမဲ့သူသည် ပညာရှိလူပုံအလယ်တွင် မတင့်တယ်နိုင်ပုံကို

၁။ "ပညာလွတ်ကင်း၊ မတတ်လျှင်းမူ၊ ဟင်္သာဘောင်ဝယ် ဥဇိုးနှယ်သို့၊ ပွဲလယ်မတင့်" ဟူ၍ ဖွဲ့ဆိုသည်။

ငယ်စဉ်အခါက ပညာကို ကောင်းစွာရခဲ့သူတို့မှာ အရာရာတွင် သင့်၊ မသင့်၊ တော်၊ မတော်ကို ပညာဉာဏ်အစွမ်းဖြင့် ချင့်ချိန်ဝေဖန်နိုင်စွမ်းရှိသည်။ လူအများအလယ်၌ ပြောဆိုနေထိုင်သွားလာရ၍ ပညာဖြင့် တင့်တယ်နိုင်ပုံကို သားရဲတိရစ္ဆာန်တို့၏ အရှင်သခင်ခြင်္သေ့မင်း၏ တင့်တယ်ပုံနှင့် ဥပမာပြ ခိုင်းနှိုင်းဖွဲ့ဆိုသည်မှာ

၂။ "တတ်သဖြင့်ကား ရဲရင့်ထွတ်ခေါင်၊ သားတို့ဘောင်၌ မရှောင်မကွင်း၊ ခြင်္သေ့မင်းသို့၊ ကျင်းကျင်းပပ၊ တင့်တယ်လှ၏။

ငယ်စဉ်အခါက အသိပညာ၊ အတတ်ပညာတို့ကို ရရှိအောင် မသင်ကြားခဲ့ပါမူ ဒုတိယအရွယ်၌ စီးပွားဥစ္စာမရနိုင်ဘဲ ဖြစ်တတ်သည်။ ထိုအခါ တတိယအရွယ်တွင် ကုသိုလ်ဘာဝနာပွားများ အားထုတ်နိုင်ကြောင်း အထောက်အပံ့ကောင်းကို မရနိုင်ပေ။ စိတ်အေးချမ်းသာကုသိုလ်ဘာဝနာတရားကို အားမထုတ်နိုင်က သံသရာ၌ အကျိုးမဲ့ပေမည်။

ထို့ပြင် ငယ်စဉ်အခါက ပညာကို ကောင်းစွာမသင်ခဲ့သော လူမိုက်တို့မှာ အသိဉာဏ်ကင်းမဲ့သည့် နွားသဖွယ်သာ တူလှပုံကို

၃။ "ပညာမဲ့ထ၊ လူ့ဗာလကား၊ ဂေါဏသဖွယ်၊ ပျိုနုနယ်က အကယ်သိပ္ပ၊ တတ်မရအံ့၊" ဟု ဥပမာပြ ဖွဲ့ဆိုသည်။

ရုပ်ဆင်းအင်္ဂါလှပသော်လည်း ပညာမတတ်ပါမူ လောကအလယ်၌ မတင့်တယ်နိုင်ပါ၊ လောက၌ ပုံဆောင်၍ ဥပမာပြပါမူ ပေါက်ပွင့်ပန်းသည် အလွန်တင့်တယ်လှပသော အရောင်အသွေးတို့ဖြင့် လှပဆန်းကြယ်သော်လည်း ရနံ့ကင်းသဖြင့် လူအများက အရေးမယူကြ။ ထို့အတူ သဖန်းသီးမှည့်များ နီမြန်းသော အဆင်းအရောင်စားချင်သဖွယ်ဖြစ်သော်လည်း အရသာ ဂုဏ်သြဇာနှင့် မပြည့်စုံသဖြင့် သဖန်းသီးမှည့်နှင့်ပါတူပုံကို

၄။ တင့်တယ်ဆင်းဝါ၊ လှတုံ့ပါလည်း၊ ပညာမဲ့မူ၊ လောကီလူ့ဝယ်၊ နည်းတူပုံဆောင်၊ ရနံ့ရှောင်သား၊ အရောင်ရှိဆန်း၊ ပေါက်ပွင့်ပန်းနှင့် သဖန်းသီးမှည့်၊ ဆိုနှိုင်းရှည့်လော"။

ရုပ်အဆင်းအင်္ဂါမလှသော်လည်း အသိဉာဏ်ပညာနှင့် ပြည့်စုံပါမူ၊ အပွင့်သေးသော်လည်း ရနံ့မွှေးသည့် ချယားပွင့်နှင့်လည်းကောင်း၊ အပြင်ဘက်က အဖုအထစ်ဆူးများနှင့် ဆွဲဆောင်မှုမရှိသော်လည်း စားကြည့်သောအခါ အနံ့အရသာနှင့်ပြည့်စုံ၍ စားမငြီးနိုင်သည့် ပိန္နဲသီးနှင့် ဥပမာပြဖွဲ့ပုံမှာ

၅။ "ကိုယ်၏ ရုပ်ဝါ၊ မလှပါလည်း၊ လိမ္မာရေးခြား၊ ရှိတုံငြားက ချယားပွင့်သေး၊ ကြိုင်ကြိုင်မွှေးနှင့် နက်လေးရသာ၊ ဂုဏ်သြဇာကြောင့်၊ စားငှာမငြီး၊ ပိန္နဲသီးသို့၊ မြှောက်ချီးအားရ၊ နှစ်လိုကြ၏။"

**'မျက်မှောက်ကာလ ပညာ၏ အရေးပါပုံ'**

မျက်မှောက်ကာလတွင် သုတေသန နယ်ပယ်ကျယ်ဝန်းလာသည်နှင့်အမျှ ပညာရပ်များလည်း ပေါက်ကွဲလာ၏။ ပညာရပ်ကိုင်းကွဲများလည်း များစွာ ပေါ်ထွက်လာသည်။ ကမ္ဘာလုံးဆိုင်ရာဆက်နွယ်မှုများက အားပြိုင်မှုများကို ဖြစ်ပေါ်စေသည်။ အထူးသဖြင့် စက်မှုနည်းပညာ၊ ဇီဝနည်းပညာ၊ ဆက်သွယ်ရေးနည်းပညာနှင့် ဉာဏ်ရည်တုနည်းပညာများ အားပြိုင်လာ၏။ ပညာရှာသူ၏ အဓိပ္ပာယ်ကိုလည်း တစ်သက်တာသင်ယူသူ(Life Long Learner) အယူအဆ ပေါ်ပေါက်လာသည်။

သို့ဆိုလျှင် ရှေးမြန်မာပညာရှိများက ပထမအရွယ်ပညာရှာဟု အဘယ့်ကြောင့် ညွှန်းဆိုရသနည်း၊ အဖြေကား ပထမအရွယ် လူငယ်မောင်မယ်တို့မှာ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်ချိန်၊ ကိုယ်စွမ်းအား၊ ဉာဏ်စွမ်းအား ပြည့်ဝ၍ "ကောင်းကင်တမွတ်၊ ကြယ်ကိုဆွတ်"နိုင်သော အရွယ်ဖြစ်သောကြောင့်ပါတည်း။

**နိဂုံး**

ဆုံးမစာလင်္ကာပျို့ကဗျာတို့တွင် ပညာ နှင့်ပတ်သက်သော ပညာ၏ဥပမာတို့ကို တွေ့ရှိရသည်။ ပညာ၏ဥပမာတို့သည် သင်ယူသူ တပည့်များအတွက်သာမက သင်ပြသူဆရာများအတွက်ပါ သင်ပြမှုရှင်းလင်းလွယ်ကူစေရန် အထောက်အကူပြုပါသည်။

> "မျက်မှောက်ကာလ ပညာ၏ အရေးပါပုံ"
>
> "မျက်မှောက်ကာလတွင် သုတေသနနယ်ပယ် ကျယ်ဝန်းလာသည်နှင့်အမျှ ပညာရပ်များလည်း ပေါက်ကွဲလာ၏။ ပညာရပ်ကိုင်းကွဲများလည်း များစွာ ပေါ်ထွက်လာသည်။ ကမ္ဘာလုံးဆိုင်ရာဆက်နွှယ်မှုများက အားပြိုင်မှုများကို ဖြစ်ပေါ်စေသည်။ အထူးသဖြင့် စက်မှုနည်းပညာ၊ ဇီဝနည်းပညာ၊ ဆက်သွယ်ရေး နည်းပညာနှင့် ဉာဏ်ရည်တုနည်းပညာများ အားပြိုင်လာ၏။ ပညာရှာသူ၏ အဓိပ္ပာယ်ကိုလည်း တစ်သက်တာ သင်ယူသူ (Life Long Learner) အယူအဆ ပေါ်ပေါက်လာသည် "

ကျွန်ုပ်တို့သည် ပညာနှင့် ပတ်သက်သော ဆုံးမစာ၊ လင်္ကာ၊ ပျို့၊ ကဗျာတို့ကို ဂရုပြု လေ့လာဖတ်ရှုပါက အသိအလိမ္မာတိုးပွားရုံသာမက ပညာဟူသော မြတ်ရွှေအိုးကြီး၏ တန်ဖိုးကိုပါ သိမြင်နိုင်ပါသည်။ သို့ဆိုပါလျှင် လူငယ်မောင်မယ်အပေါင်းတို့သည် ငယ်ရွယ်စဉ်ကာလကပင် ပညာဟူသော မြတ်ရွှေအိုးကြီးကို ကိုယ်စီကိုယ်ငှရရှိအောင် စွမ်းဆောင်ကြိုးစားရမည် ဖြစ်ပေသတည်း ။ ။

**သန်းစိုးအောင်**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Park Jimin ၏ Face နှင့် MUSE တစ်ကိုယ်တော်ဂီတကို Jung Kook ကူညီပေးထား





BTS အဖွဲ့ဝင်များ တစ်ကိုယ်တော်ဂီတကို ကိုယ်တိုင်ရေး၊ ဆို၊ ထုတ်လုပ်ခဲ့ကြရာ အဖွဲ့ဝင် Jimin လည်းပါဝင်ပြီး Face နှင့် MUSE ကို ထုတ်လုပ်ခဲ့ရာတွင် Jung Kook က အများဆုံး ကူညီပေးထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Jimin ၏ Face တစ်ကိုယ်တော်ဂီတကို တိုက်ရိုက်ထုတ်လွှင့်မှုအပြင် VR Show များ၊ Collaboration အဆုံး၊ နောက်ခံအသံအထိပါ ကူညီပေးခဲ့သူမှာ Jung Kook ဖြစ်ပြီး MUSE era တွင် အသံအနိမ့်၊ အမြင့်မှအစ Jung Kook က အနီးကပ်ကူညီပေးထားသည်။

Jimin က Face ကို အဖွဲ့ခေါင်းဆောင် RM နှင့်တိုင်ပင်၍ RM က ထုတ်လုပ်ပေးခဲ့ကာ Suga ကလည်း ကူညီပံ့ပိုးပေးသည်။ MUSE ကိုမူ Jung Kook က ခရီးအတူသွားရင်း တိုင်ပင်ဆွေးနွေး၍ အများဆုံး ကူညီပေးခဲ့သည့်အတွက် Park Jimin ၏ အောင်မြင်မှုတွင် Jung Kook တစ်ဝက် ပါဝင်နေသည်ကို တွေ့ရသည်။(SKY)

## Lisa အပါအဝင် ကေပေါ့ပ်အနုပညာရှင်များ Billboard စာရင်းတွင် ပါဝင်ထား

အမေရိကန်နိုင်ငံဂီတမဂ္ဂဇင်းဝက်ဘ်ဆိုက် Billboard တွင် ကေပေါ့ပ်အနုပညာရှင်များစာရင်း ပါဝင်ထားကြရာ Lisa လည်း ပါဝင်ခဲ့သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Billboard မဲစာရင်း ဖော်ပြချက်အရ တေးဂီတအရောင်း စံချိန်တင်ခဲ့ကြသည့် အယောက်တစ်ရာစာရင်းတွင် BTS မှ V ခေါ် Kim Taehyung က FRIEND နှင့် နံပါတ်(၆၅)၊ Lalisa ခေါ် Lisa က Rock Star က (၇၀) ရရှိထားကြသည်။



BTS မှ Jimin ၏ Smeraldo Garden Marching Band က (၈၈)၊ StrayKids နှင့် ကလယ်ရာပတ်ခ်တို့၏ Lose My Breath က (၉၀)၊ အီလစ်၏ Magnetic က (၉၁) အသီးသီး ရရှိထားကြသည်။

အမေရိကန်နာမည်ကြီးဂီတမဂ္ဂဇင်းဝက်ဘ်ဆိုက် တစ်ခုဖြစ်သည့် Billboard 100 စာရင်းတွင် ကေပေါ့ပ်အနုပညာရှင် ငါးဦးပါဝင်သည့်အတွက် ကမ္ဘာ့ပရိသတ်ကြား ကျော်ကြားသော အနုပညာရှင်များအဖြစ် ဂုဏ်ယူမဆုံးဖြစ်နေကြသည်။ **(SKY)**

## Kim Jae Uck အနုပညာသက်တမ်း ၂၂နှစ်ပြည့်ခဲ့

ကိုရီးယားအနုပညာရှင် Kim Jae Uck သည် အနုပညာပွဲဦးထွက် ၂၂နှစ်ပြည့်ခဲ့ပြီဖြစ်သော်လည်း ဇာတ်ကားတိုင်း လက်ခံရိုက်ကူးခြင်းမရှိဘဲ သူသဘောကျမှသာ ရိုက်ကူးသူဖြစ်သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



Kim Jae Uck သည် ငယ်စဉ်က ဆံပင်အရှည်နှင့် မိန်းမချောချောကာ Sexy Trash ဟု နာမည်ပြောင် ပေးခံခဲ့ရသည်။ ခန့်ညားချောမောပြီး မေးရိုးကြီးမား၍ ပြီးပြည့်စုံမှုရှိကာ အနုပညာစွမ်းရည် ပြည့်ဝသူဖြစ်၍ Coffee Prince တွင် နှပျိုစဉ်အရွယ်နှင့် တွေ့ရကာ Who Are You တွင် တည်ငြိမ်မှုအပြည့်နှင့် တွေ့ရသည်။

သူ၏ အနုပညာစွမ်းရည်ကြောင့် ခေါင်းဆောင်မင်းသားအဖြစ် ကမ်းလှမ်းခံရသော်လည်း သဘောမကျလျှင် လက်မခံဘဲ သဘောကျလျှင် ဇာတ်ရံနေရာမှဝင်ရောက်ရိုက်ကူးသူဖြစ်၍ ပရိသတ်လေးစားခဲ့ကြကာ ရောက်လေရာနေရာတွင် ပန်းစည်းပေးသူ ပေါများခဲ့သည်။ **(SKY)**


## Song Hye Kyo မင်းသမီးဖြစ်စက ပရိသတ်မှတ်ချက်များ ထွက်ပေါ်လာ

ထိပ်တန်းအနုပညာရှင်စာရင်းဝင် Song Hye Kyo မင်းသမီးဖြစ်စက ပရိသတ်များ မှတ်ချက်များစွာ ပေးထားကြပြီး လုပ်ဖော်ကိုင်ဖက် အနုပညာအသိုင်းအဝိုင်းကပါ ချီးကျူးခံရသူဖြစ်သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ပွဲဦးထွက်စ အနုပညာရှင် Song Hye Kyo ကို အရွယ်နှင့်မလိုက်အောင်ရင့်ကျက်ပြီး အရှက်အကြောက်ကြီး၍ အနေအေးသူ စကားပြောပွင့်လင်း၍ ဟန်မဆောင်တတ်ဘဲ လုပ်ဖော်ကိုင်ဖက်များအပေါ် ကြင်နာစောင့်ရှောက်ပေးသူဟု မှတ်ချက်ပေးထားသည်။

Song Hye Kyo သည် ရိုက်ကွင်းကို စောစွာရောက်ပြီး သရုပ်ဆောင်ရာတွင် Pro ဆန်၍ Director နှင့် ဇာတ်ညွှန်းဆရာများ ချီးကျူးခံရကာ မျက်နှာအလှထက် စိတ်ထားပိုလှပြီး မျိုးချစ်စိတ်ရှိသူ စသည့်အချက်များစွာနှင့် ကောင်းသတင်းမွှေးခဲ့သည်။ **(SKY)**





## နေစွမ်းအင်ဆဲလ်များ ရေရှည်ခံနိုင်ရည်ရှိစေရန် ကိုရီးယားသိပ္ပံပညာရှင်များ စမ်းသပ်အောင်မြင်

စွမ်းအင်လိုအပ်မှုမြင့်တက်လာသော ယနေ့ခေတ်တွင် ကမ္ဘာကြီး ပူနွေးလာမှုကို လျှော့ချနိုင်ရန်အတွက် နိုင်ငံအများစု၌ တစ်ကြော့ပြန်သုံးနိုင်သည့် သန့်စင်သောစွမ်းအင်ကို တိုးမြှင့်ထုတ်ယူ သုံးစွဲလာကြသည်။

နေရောင်ခြည်မှ နေ့စဉ်ထုတ်ယူနိုင်သော နေစွမ်းအင်သည် လေစွမ်းအင်၊ ရေစွမ်းအင်တို့နည်းတူ သန့်စင်သောစွမ်းအင် အမျိုးအစားပင်ဖြစ်သည်။

နေစွမ်းအင်ပြားများထဲရှိ ဆဲလ်များဖြင့် နေရောင်ခြည်ကို ဖမ်းယူပြီး လျှပ်စစ်ဓာတ်အားအဖြစ် ပြောင်းလဲသိုမှီးကြရာတွင် လက်ရှိသုံးနေသောဆဲလ်များ သက်တမ်းတိုသည့်ပြဿနာရှိသည်။


ယင်းပြဿနာကိုဖြေရှင်းနိုင်ရန် ကိုရီးယားတွဲဖက်ပါမောက္ခ ဒေါင်ဝမ်ကန်း ဦးဆောင်သော သိပ္ပံပညာရှင်များ မကြာသေးမီက နည်းလမ်းသစ် စမ်းသပ်အောင်မြင်ခဲ့ကြောင်း သိရသည်။ **(SCI)**

## တရုတ်မင်းသမီး Jing Tian က ပုံရိပ်ကောင်းနှင့် အနုပညာနယ်ပယ်တွင် ဆယ်နှစ်ကျော်ရပ်တည်ခဲ့

တရုတ်အနုပညာလောကတွင် ပုံရိပ်ကောင်းနှင့် ဆယ်စုနှစ်တစ်စုကျော် ရပ်တည်ခဲ့သော Jing Tian သည် အသက်(၃၆)နှစ်ပြည့်ပြီဖြစ်သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မင်းသမီး Jing Tian ပါဝင်ထားသည့်ရုပ်ရှင်နှင့် ရုပ်သံဇာတ်လမ်းတွဲများအနက် Ban Shu Legend, The Glory of Tang Dynasty, The King of Blaze,Special ID, Police Story, The Man From Macau, The Great Wall တို့မှာ အကောင်းဆုံးလက်ရာများ ဖြစ်ခဲ့သည်။

Jing Tian သည် ၂၀၀၈ ခုနှစ်တွင် အနုပညာလောကသို့ ရောက်ရှိခဲ့ပြီး ၂၀၁၉ခုနှစ်ထိ ရုပ်ရှင်နှင့် ဇာတ်လမ်းတွဲများတွင် အောင်မြင်မှုများစွာ သိမ်းပိုက်ထားနိုင်ခဲ့ကာ ၂၀၁၀ နောက်ပိုင်း ၂၀၂၀ ပြည့်နှစ်အထိ အောင်မြင်မှုများ ဆက်လက်ထိန်းသိမ်းကာ ၂၀၂၂ ခုနှစ်တွင် Rattan နှင့် တစ်နှစ်တာအကောင်းဆုံး Drama ဖြစ်ခဲ့ကာ ကြည့်ရှုနှုန်းထောင်သောင်း၊ သိန်းချီရရှိသည့် ဇာတ်လမ်းတွဲပိုင်ရှင်ဖြစ်သကဲ့သို့ ရုပ်ရှင်ကားများနှင့်လည်း ဝင်ငွေမြင့်မားခဲ့ပြီး ဇာတ်ကားသစ်များ ရိုက်ကူးထားကာ အသက်(၃၆)နှစ်ပြည့်ပြီဖြစ်သည်။**(SKY)**



## Huang Zitao က ချစ်သူကို ပရိသတ်ထံ တရားဝင်ချပြ

တရုတ်အနုပညာလောကတွင် တောက်ပသည့်ကြယ်တစ်ပွင့်ဖြစ်ပြီး EXO အဖွဲ့ဝင်ဟောင်းလည်းဖြစ်သည့် Huang Zitao က ချစ်သူကို ပရိသတ်ထံ တရားဝင်ချပြခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တရုတ်အနုပညာရှင်၊ ကုမ္ပဏီပိုင်ရှင် Huang Zitao သည် မှန်သည်ထင်ရာကို ပွင့်လင်းစွာပြောတတ်သူဖြစ်ပြီး လွတ်လပ်ပေါ့ပါးစွာ နေထိုင်သူလည်းဖြစ်ကာ အနုပညာရှင်မောင်နှမများကြား ငစွာလေးအဖြစ် ပွဲဆူအောင်လုပ်တတ်သူလည်းဖြစ်သည်။





အနုပညာလုပ်ငန်း၊ ကုမ္ပဏီလုပ်ငန်းများအပြင် ပရဟိတလုပ်ငန်းများပါ လုပ်ကိုင်နေသော Huang Zitao သည် ကေပေါ့ပ်လောကမှ SM Entertainment ၏ သင်တန်းသားဟောင်းလည်းဖြစ်ကာ EXO အဖွဲ့ဝင်(၁၂)ဦးနှင့် ပွဲဦးထွက်ခဲ့ပြီး အဖွဲ့မှ နုတ်ထွက်၍ တရုတ်နိုင်ငံတွင် ကျော်ကြားသူဖြစ်လာ၍ သူ၏ချစ်သူ Yi Yang နှင့် သူငယ်ချင်းအဖြစ်နေခဲ့ကြရာမှ အချိန်ကြာ၍ ကြိုက်နှစ်သက်ကာ ချစ်သူအဖြစ် ပရိသတ်ကို တရားဝင်ချပြခဲ့ရာ ဖခင်ရှိစဉ်ကပင် ချစ်သူကို သဘောကျခဲ့ပြီး လက်ရှိမိခင်ကလည်း သမီးလေးကဲ့သို့ ချစ်ခဲ့သည်။**(SKY)**

# ထိုင်းဘုရင်က အတည်ပြုပေးလိုက်ပြီးနောက် ပေတွန်တန်ရှီနာဝါထရာ ထိုင်းဝန်ကြီးချုပ် ဖြစ်လာ



**ဘန်ကောက် ဩဂုတ် ၁၈**

ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်းက အတည်ပြုပေးလိုက်ပြီးနောက် အသက် ၃၇ နှစ်အရွယ် ပေတွန်တန်ရှီနာဝါထရာ ထိုင်းနိုင်ငံ၏ ၃၁ ဦးမြောက် ဝန်ကြီးချုပ် ဖြစ်လာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဘန်ကောက်မြို့တော်ရှိ ဖူထိုင်းပါတီဌာနချုပ် အစည်းအဝေးခန်းမတွင် ဘုရင့်အမိန့်တော်ခံယူပွဲ ကျင်းပရာ ထိုင်းရိုးရာအစဉ်အလာအရ ဝန်ကြီးချုပ်အဖြစ် အတည်ပြုသည့် ဘုရင့်အမိန့်တော်ကို ထိုင်းလွှတ်တော်အတွင်းရေးမှူး အေပတ်ဆူခါနန်းက ဖတ်ကြားရာ ပေတွန်တန်ရှီနာဝါထရာက ကောင်းစွာနာယူသည်။

ထို့နောက် အစီအစဉ်အရ ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်း၏ ပုံတော်ရှေ့တွင် ပေတွန်တန်ရှီနာဝါထရာ ဒူးထောက်အရိအသေပြုသည်။

အကျွန်ုပ်အနေဖြင့် အမှုဆောင်ဌာနခွဲ၏ အကြီးအကဲအဖြစ် ဥပဒေပြုအမတ်များနှင့်အတူ အကျွန်ုပ်၏တာဝန်ကို ပွင့်လင်းသော စိတ်နှလုံးဖြင့် ထမ်းရွက်ပါမည်။ တိုင်းပြည်တည်ငြိမ်စွာ ရှေ့သို့ လှမ်းတက်နိုင်စေရန် အကြံဉာဏ် အရပ်ရပ်ကို အကျွန်ုပ်နားထောင်ပါမည်ဟု ပေတွန်တန်က ဘုရင့်ပုံတော်ရှေ့မှောက်၌ ကတိကဝတ်ပြုသည်။

ထို့နောက် ၎င်းသည် ဖခင် သက်ဆင်ရှီနာဝါထရာကို ပွေ့ဖက်နှုတ်ဆက်သည်။ မိသားစုဝင်များကို နှုတ်ဆက်သည်။ ဝန်ကြီးချုပ်ဟောင်း ဆရက်သာသာဗီဆင်အပါအဝင် ပါတီလုပ်ဖော်ကိုင်ဖက်များကို ဆက်လက်နှုတ်ဆက်သည်။

နောက်ဆုံးတွင် ပေတွန်တန်ရှီနာဝါထရာက ဝန်ကြီးချုပ်အဖြစ် ပထမဆုံးသတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**Mon**



# ဗီယက်နမ်သမ္မတ တူလမ် တရုတ်နိုင်ငံသို့ သွားရောက် နှစ်နိုင်ငံ ကုန်သွယ်ရေး၊ စီးပွားရေး ညှိနှိုင်းဆွေးနွေးမည်

**ဟနွိုင်း ဩဂုတ် ၁၈**

ဗီယက်နမ်သမ္မတ တူလမ် ဩဂုတ် ၁၈ ရက်က တရုတ်နိုင်ငံသို့ အလည်အပတ်သွားရောက်ခဲ့သည်ဟု ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဗီယက်နမ်ကွန်မြူနစ်ပါတီအကြီးအကဲနှင့် သမ္မတတာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း ၎င်း၏ ပထမဆုံးပြည်ပခရီးစဉ်အဖြစ် တရုတ်နိုင်ငံသို့ သွားရောက်ရာတွင် ဗီယက်နမ်-တရုတ် နှစ်နိုင်ငံ ကုန်သွယ်ရေး၊ စီးပွားရေးကိစ္စရပ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမည်ဟု ဆိုသည်။

သမ္မတ တူလမ်၏ သုံးရက်ကြာ ခရီးစဉ်အတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်လည်း တွေ့ဆုံကာ နှစ်နိုင်ငံ ချစ်ကြည်ရေး၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးကြမည်။

ဆက်လက်၍ ၂၀၃၀ ပြည့်နှစ်တွင် ဖွင့်လှစ်ရန် ရည်မှန်းထားသော နှစ်နိုင်ငံမြို့ကြီးများကို ဆက်သွယ်ဖောက်လုပ်မည့် မြန်နှုန်းမြင့် မီးရထားလမ်းများစီမံကိန်းနှင့် ပတ်သက်၍လည်း အဆိုပါခေါင်းဆောင်နှစ်ဦး အလေးထားဆွေးနွေးဖွယ်ရှိကြောင်း သိရသည်။

**Mon**

# ဘရာဇီးနိုင်ငံ၌ အိတ်ခ်စ်လူမှုကွန်ရက် အပိတ်ခံရသဖြင့် ပိုင်ရှင် အီလွန်မတ်စ်ဘက်မှ မကျေမနပ်ဖြစ်နေ



**ဘရာစီးလီးယား ဩဂုတ် ၁၈**

ဘရာဇီးနိုင်ငံ၌ အိတ်ခ်စ်လူမှုကွန်ရက် အပိတ်ခံရသဖြင့် ပိုင်ရှင် အီလွန်မတ်စ်ဘက်မှ မကျေမနပ်ဖြစ်နေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုလူမှုကွန်ရက်က ဘရာဇီးနိုင်ငံ၏ တည်ဆဲဥပဒေကို လိုက်နာကျင့်သုံးရန် ပျက်ကွက်သဖြင့် တရားဥပဒေနှင့်အညီ ပိတ်ပင်လိုက်ခြင်းဖြစ်ကြောင်း တရားရုံးချုပ်တရားသူကြီး အလက်ဇန်းဒရေဒီမိုရတ်စ်က အတည်ပြုပြောကြားသည်။

ထိုလူမှုကွန်ရက်ထဲရှိ သတင်းမှားများ ထုတ်လွှင့်နေသည့် သမ္မတဟောင်း ဘိုလ်ဆိုနာရိဘက်မှ အားပေးထောက်ခံသူများ၏ အကောင့်များကို ပိတ်ပေးရန် နှစ်ဦးပိုင်းကတည်းက အိတ်ခ်စ်လူမှုကွန်ရက်ကို အဆိုပါတရားသူကြီးက အမိန့်ထုတ်ခဲ့ပြီး ဖြစ်သည်။

ထိုအမိန့်ကို အိတ်ခ်စ်လူမှုကွန်ရက်က လျစ်လျူရှုပြီး သက်ဆိုင်ရာအကောင့်များကို မပိတ်သဖြင့် ဘရာဇီးနိုင်ငံတွင် ယင်းလူမှုကွန်ရက်ကို မသုံးရဟု ပိတ်ပင်တားမြစ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

# အိုင်နှစ်အိုင်အောက်ရှိ ယမ်းဘီလူးများ ဖယ်ရှားပေးလျှင် ဆွစ်ကာကွယ်ရေးဝန်ကြီးဌာနက ဆုငွေချီးမြှင့်မည်ဟု ဆို

**ဂျီနီဗာ ဩဂုတ် ၁၈**

ဆွစ်ဇာလန်နိုင်ငံရှိ လူဇန်းနှင့် သွန်းဟု အမည်ရသော ရေအိုင်နှစ်အိုင်အောက်ရှိ ယမ်းဘီလူးများကို ဘေးကင်းလုံခြုံစွာ ဖယ်ရှားပေးနိုင်လျှင် ကာကွယ်ရေးဝန်ကြီးဌာနက ဆုငွေချီးမြှင့်မည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၂၀၂၁ ခုနှစ် ဆွစ်ဇာလန်လေတပ်က လေ့ကျင့်ရေးအတွက် သုံးရန် လူဇန်းရေအိုင်ထဲသို့ ယမ်းဘီလူးတန်ချိန် ၃၃၀၀ ခန့်ကိုလည်းကောင်း၊ သွန်းရေအိုင်ထဲသို့ ယမ်းဘီလူးတန်ချိန် ၄၅၀၀ ခန့်ကိုလည်းကောင်း ပစ်ချခဲ့သည်။

ယခုအခါ အဆိုပါယမ်းဘီလူးများကို ကာကွယ်ရေးဝန်ကြီးဌာနက မဖယ်ရှားတတ်သဖြင့် ဖယ်ရှားပေးနိုင်သူကို ဖရန့်ငွေ ၅၀၀၀၀ ဆုချီးမြှင့်မည်ဟု ကြေညာချက် ထုတ်ပြန်ထားကြောင်း သိရသည်။

**Mon**

STOP AIDS

# ဆိုမားဆက်ပြတိုက်အနောက်ဘက်ခြမ်း မီးလောင် ပန်းချီနှင့် အနုပညာလက်ရာများ ထိခိုက်ခြင်းမရှိ

**လန်ဒန် ဩဂုတ် ၁၈**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်ရှိ နာမည်ကျော် ရှေးဟောင်းဆိုမားဆက်ပြတိုက်အနောက်ဘက်ခြမ်း၌ ဩဂုတ် ၁၇ ရက် နေ့လယ်ပိုင်းက မီးလောင်မှုဖြစ်ပွားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။


အခင်းဖြစ်စဉ် သိမ်းမြစ်နှင့် ဝါတာလူးတံတားအနီး မီးခိုးများ ကောင်းကင်ထဲသို့ တလိပ်လိပ်တက်လာခဲ့သော်လည်း ပန်းချီနှင့် အနုပညာလက်ရာများ ထိခိုက်ခြင်းမရှိကြောင်း ထိုပြတိုက်က သတင်းထုတ်ပြန်သည်။

မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းရင်းကို သက်ဆိုင်ရာ မီးသတ်တပ်ဖွဲ့က စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

**Mon**

**စင်ကာပူနိုင်ငံ စင်ဆိုဆာဘက်ခြမ်းရှိ ရေနံအညစ်အကြေးများ သန့်စင်သွားသဖြင့် အများပြည်သူသုံးရန် ပြန်ဖွင့်ပေးလိုက်သော ပါလာဝန်ကမ်းခြေကို တွေ့ရစဉ်။**

**Mon**



# အာဖရိကတောင်ပိုင်းရှိ လူဦးရေ ၆၈ သန်းခန့် မိုးခေါင်ရေရှားမှုပြဿနာ ကြုံတွေ့ရလျက်ရှိ

**ကိပ်တောင်း ဩဂုတ် ၁၈**

အာဖရိကတောင်ပိုင်းနိုင်ငံများရှိ လူဦးရေ ၆၈ သန်းခန့်တို့ အနေဖြင့် မိုးခေါင်ရေရှားမှုပြဿနာ ကြုံတွေ့ရလျက်ရှိသည်ဟု အာဖရိကတောင်ပိုင်း ဖွံ့ဖြိုးရေးအသိုက်အမြုံအဖွဲ့အစည်း၏ အမှုဆောင်အတွင်းရေးမှူး အဲလိယတ်စ် မာဂိုစီက ဩဂုတ် ၁၇ ရက်တွင် အတည်ပြုပြောကြားလိုက်ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

၂၀၂၄ ခုနှစ်မှာ ဒီဒေသရဲ့ နေရာအနှံ့အပြားမှာ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ရဲ့ ဆိုးကျိုးသက်ရောက်မှုတွေအဖြစ် မိုးခေါင်ရေရှားမှု ကြုံတွေ့ခဲ့ရတာဖြစ်ပါတယ်ဟု ၎င်းက ရှင်းပြသည်။

ဇင်ဘာဘွေနိုင်ငံ ဟာရာရေမြို့တော်၌ လက်ခံကျင်းပနေသော ၁၆ နိုင်ငံဖြင့် ဖွဲ့စည်းထားသော အာဖရိကတောင်ပိုင်း ဖွံ့ဖြိုးရေးအသိုက်အမြုံအဖွဲ့အစည်း၏ အစည်းအဝေးတွင် ၎င်းက ယင်းကဲ့သို့ ရှင်းလင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

ယခုနှစ်စောစောပိုင်းမှ စတင်ကြုံတွေ့ခဲ့သော အာဖရိကတောင်ပိုင်း မိုးခေါင်ရေရှားမှုပြဿနာကို ဇင်ဘာဘွေ၊ မာလာဝီနှင့် ဇမ်ဘီယာ သုံးနိုင်ငံတွင် အဆိုးရွားဆုံး ခံစားနေကြရသည်။

မိုးခေါင်ရေရှားသဖြင့် သီးနှံများ စိုက်ပျိုးနိုင်ခြင်းမရှိရာမှ အဆိုပါဒေသတစ်ဝန်းတွင် စားနပ်ရိက္ခာပြတ်လပ်ကာ ငတ်မွတ်ခေါင်းပါးမှုလည်း ကြုံတွေ့လာရဖွယ်ရှိသည်ဟု ကျွမ်းကျင်သူများက သတိပေးထားကြောင်း သိရသည်။

**Mon**

0-0-0-0-0



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၇ ရက် ညနေ ၄နာရီက သက်သေများနှင့်အတူ ဘားအံမြို့နယ်၊ ကော့ခမိတ်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ဝင်းနိုင်မိုး(ခ) ကျော်ခွေးဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ပြားအား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြင် ဝင်းနိုင်မိုး(ခ)ကျော်ခွေး(၃၀) နှစ်ဆိုသူအား အိန္ဒုနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်းသိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ရန်ကုန်-နေပြည်တော်ကားလမ်းတွင် ခရီးသည်တင်ယာဉ် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဩဂုတ် ၁၈**

ရန်ကုန် - နေပြည်တော် အမြန်လမ်းမကြီး၊ မိုင်တိုင် အမှတ်(၁၃၄/၇)နှင့်(၁၄၃/ ၆)ကြားတွင် ဩဂုတ် ၁၇ရက် နံနက် ၃နာရီက ခရီးသည်တင်မော်တော်ယာဉ် တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ မော်တော်ယာဉ်မီးလောင်ရာသို့ ဇောမိကုန်းအမြန်လမ်းမီးသတ်စခန်းမှတပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ်များ၊ မီးသတ်ရေသယ်ယာဉ်များဖြင့် ဝိုင်းဝန်း၍ မီးငြိမ်းသတ်ခဲ့ကြပြီး ခရီးသည်တင်ယာဉ်မီးလောင်ကာ လူနှင့်အခြားထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်းသိရသည်။

(အောက်ပုံ)

(၀၅၇)





## ချမ်းမြသာစည်မြို့နယ်တွင် မီနီအိုးဝေနှင့် အိမ်စီးယာဉ် တိုက်မိ

**မန္တလေး ဩဂုတ် ၁၈**

မန္တလေး၊ ချမ်းမြသာစည် မြို့နယ်၊ ၇၃လမ်းနှင့်၁၁၅လမ်းဆုံမီးပွိုင့်တွင် ဩဂုတ် ၁၇ရက် နံနက် ၅နာရီခန့်က မီနီအိုးဝေနှင့် အိမ်စီးယာဉ်တိုက်မိပြီး မီနီအိုးဝေမောင်းသူ သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ချမ်းမြရွှေပြည်ယာဉ်ရပ်နားစခန်းမှ ခရီးသည်ပို့ပြီးပြန်လာသော မီနီအိုးဝေသည် လမ်းဆုံမီးပွိုင့်တွင် မီးစိမ်း၍ ဖြတ်သန်းမောင်းနှင်စဉ် မီးနီဖြတ်မောင်းလာသော အိမ်စီးယာဉ်ဖြင့် တိုက်မိကြခြင်းဖြစ်သည်။

ထိခိုက်ဒဏ်ရာရရှိ၍ သေဆုံးသူ မီနီအိုးဝေယာဉ်မောင်းအား လူမှုကူညီရေးအသင်းယာဉ်ဖြင့် မန္တလေးဆေးရုံကြီးသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်းသိရသည်။

(အပေါ်ပုံ)(၀၄၅)




## မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ် အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၈**

အခြေခံပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း(ဗဟိုမန္တလေး) (AEDA-Mdy)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ် အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၆ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် ထွဋ်ခေါင်မြန်မာကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ထွဋ်ခေါင်မြန်မာ တည်ထောင်အုပ်ချုပ်သူ ကျောင်းအုပ်ကြီး ဦးဒီးကားရ်ကိုယ်စား ဆရာမကြီး ဒေါ်အိအိအုန်းက သြဝါဒစကား ချီးမြှင့်ပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်းမှ ဒေါ်ခင်မေပိုင်က မူးယစ်သမိုင်းကြောင်းနှင့် ဦးမြင့်သန်းက မူးယစ်ဆေးဝါးအမျိုးအစားများနှင့် ဆိုးကျိုးအန္တရာယ်ကို ဟောပြောခဲ့သည်။ (အပေါ်ပုံ)

ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများအား ဒေါ်သင်းသင်းဦးနှင့်ဦးဝင်းမင်းလှိုင်တို့က မေးခွန်းများမေးမြန်းပြီး ဖြေဆိုသည့် ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ရာ ကျောင်းသား၊ ကျောင်းသူ ၁၆၀ကျော်က မူးယစ်ဆေးဝါး မသုံးစွဲစေရန် သန္နိဋ္ဌာန်ချမှတ်ဆိုကြသည်။

ဆက်လက်ပြီး ထွဋ်ခေါင်မြန်မာကိုယ်ပိုင်အထက်တန်းကျောင်းမှ မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်းသို့ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အလှူငွေပေးအပ်ရာ အသင်းဥက္ကဋ္ဌက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်းသိရသည်။(၀၅၆)

## အောင်မြေသာစံမြို့နယ် ၁၂လမ်းတွင် မော်တော်ယာဉ်အရှိန်လွန် လမ်းလယ်ကျွန်းပေါ်တက်ပြီး သစ်ပင်များတိုက်မိ

**မန္တလေး ဩဂုတ် ၁၈**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၊ ၁၂လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြား၊ ရတနာပုံတိရစ္ဆာန်ဥယျာဉ်ရှေ့တွင် ဩဂုတ် ၁၇ရက် နံနက် ၈နာရီ မိနစ် ၄၀ခန့်က ဒိုင်နာအမျိုးအစား ရေသန့်ပို့ဆောင်ရေး မော်တော်ယာဉ်သည် အရှိန်အထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်တက်ပြီး တယ်ပင်များအား ဝင်ရောက်တိုက်မှု ဖြစ်ပွားခဲ့သည်။

ယာဉ်မတော်တဆမှုကြောင့် ရေသန့်သယ်ယာဉ် ရှေ့ခြမ်းနှင့် အောက်ပိုင်းပျက်စီးပြီး လမ်းလယ်ကျွန်းတွင်စိုက်ပျိုးထားသော တယ်ပင်နှင့်လမ်းကာတိုင်များ ပျက်စီးခဲ့ပြီး ယာဉ်မောင်းအမျိုးသားဒဏ်ရာ (မစိုးရိမ်ရ)အားပြုစု၍ မန္တလေး ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်းသိရသည်။

(အောက်ပုံ)

(၀၄၅)



## ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၆ရက် နံနက် ၁၁ နာရီက သက်သေများနှင့်အတူ ချမ်းမြသာစည်မြို့နယ်၊ထွန်းတုံးရပ်ကွက်၊ လမ်း၁၁၀နှင့်၄၉လမ်းထောင့်တွင် မသင်္ကာဖွယ်တွေ့ရှိသူ စိုင်းခမ်းလိန်ဆိုသူအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၁၀၀ဂရမ်နှင့် လက်ကိုင်ဖုန်း ၁လုံး တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ မွန်းလွဲ ၂နာရီက အဆိုပါ စိတ်ပြောင်း ဆေးဝါးများရောင်းချသူ ပြည်ကြီးတံခွန်မြို့နယ်၊ (က) ရပ်ကွက်၊ ၆၉လမ်း၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြားနေ အာရင်ဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ နေအိမ်အတွင်းမှ ဂေါ်ရာဇူးဆိုသူနှင့်အတူ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အက်တက်ဆီဆေးပြား ၂၅၀ပြား၊ Happy Water အလေးချိန် ၇၉၀ ဂရမ် ၊ ကက်တမင်း အလေးချိန် ၁၀၀ဂရမ်၊အိုက်စ်(မက်သ်အဖက်တမင်း)အလေးချိန် ၃၀ဂရမ်၊ ဘိန်းဆီခဲ အလေးချိန် ၅၂၀ ဂရမ်နှင့် လက်ကိုင်ဖုန်း ၁လုံးတို့အား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းခမ်းလိန်(၁၉)နှစ်၊ ဂေါ်ရာဇူး (၂၃)နှစ်နှင့် အာရင်ဆိုသူတို့အား သက်ဆိုင်ရာ ရဲစခန်းများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည် ။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



# စစ်ကိုင်းမြို့နယ်နှင့် ကလေးမြို့နယ်တို့တွင် ငွေကျပ် ၄ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ တရားမဝင်သယ်ဆောင်လာသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁၃ ဒသမ ၉၇၅ တန်၊ အမိုနီယမ်ကလိုရိုဒ်၂ ဒသမ ၃ တန်ကျော်နှင့် ဓာတုပစ္စည်း Propiophenone လီတာ ၁၀၂၀ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၈

စစ်ကိုင်းမြို့နယ်နှင့် ကလေးမြို့နယ်တို့တွင် ငွေကျပ် ၄ ဒသမ ၂ ဘီလီယံကျော် တန်ဖိုးရှိ တရားမဝင် သယ်ဆောင်လာသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁၃ ဒသမ ၉၇၅ တန်၊ အမိုနီယမ်ကလိုရိုဒ်၂ ဒသမ ၃ တန်ကျော်နှင့် ဓာတုပစ္စည်း Propiophenone လီတာ ၁၀၂၀ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၃ ရက် မွန်းလွဲ ၂ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ရတနာပုံတံတားတွင် စစ်ကိုင်းမှ မန္တလေးသို့ မင်းမင်းဦး မောင်းနှင်ပြီး အောင်ဇော်ထွေး လိုက်ပါလာသည့် Nissan Canter ခြောက်ဘီးယာဉ်နှင့် သက်ခိုင်ထွေး မောင်းနှင်ပြီး အောင်ဇေ လိုက်ပါလာသည့် Nissan Canter ခြောက်ဘီးယာဉ်နှစ်စီးပေါ်မှ ပလတ်စတစ်ပီပါများဖြင့်ထည့်ထားသည့် ဓာတုပစ္စည်း Propiophenone လီတာ ၁၀၂၀ ကိုလည်းကောင်း၊ သတင်းကွင်းဆက်အရ ဩဂုတ် ၁၄ ရက် နံနက် ၈ နာရီတွင် အဆိုပါနေရာတွင် ထွန်းဘော် မောင်းနှင်ပြီး အောင်ကျော်ခန့် လိုက်ပါလာသည့် ၁၂ ဘီးယာဉ်ပေါ်မှ ဆာလာအိတ်များဖြင့် ထည့်ထားသည့် ထိန်းချုပ်ဓာတုပစ္စည်းများ ဖြစ်သည့် ကဖင်း ၃ ဒသမ ၉၇၅ တန်နှင့် အမိုနီယမ် ကလိုရိုဒ် ၂ ဒသမ ၃၅ တန်တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက် ဖော်ထုတ်ချက်အရ ယင်းနေ့ညနေပိုင်းတွင် ထိန်းချုပ်ဓာတုပစ္စည်းများ တာဝန်ခံ ပို့ဆောင်ခိုင်းသူ မတင်တင်စု(ခ) စုမြ(ခ)မစုအား ကလေးမြို့ တောင်ဖီလာရပ်ကွက် ၄ရွှေဝါလမ်းရှိ ဂိုဒေါင်တွင် Hino ခြောက်ဘီးယာဉ်ပေါ်မှ ဆာလာအိတ်များဖြင့် ထည့်ထားသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၅ ဒသမ ၅ တန်နှင့် လည်းကောင်း၊ ဩဂုတ် ၁၆ ရက်တွင် လွှမ်းမိုးနှင့် ကိုမျိုးတို့နှစ်ဦးကို ကလေးမြို့ မြို့လှရပ်ကွက်နှင့် တောင်ဇလပ်ရပ်ကွက်တို့တွင် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၄ ဒသမ ၅ တန်၊ Canter ခြောက်ဘီးယာဉ် တစ်စီး၊ မှန်လုံယာဉ် တစ်စီးတို့နှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ် ၄ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ ဓာတုပစ္စည်း Propiophenone လီတာ ၁၀၂၀၊ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁၃ ဒသမ ၉၇၅ တန်နှင့် အမိုနီယမ်ကလိုရိုဒ် ၂ ဒသမ ၃ တန်ကျော် သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ထိန်းချုပ် ဓာတုပစ္စည်းများနှင့် အခြား ဓာတုပစ္စည်းများကို မြန်မာ-အိန္ဒိယနယ်စပ်မှ ကလေးမြို့သို့ သယ်ဆောင်ပြီး မန္တလေးတိုင်းဒေသကြီးမှတစ်ဆင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုရန် ရှမ်းပြည်နယ်သို့ တရားမဝင် သယ်ဆောင် ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



စစ်ကိုင်းမြို့ ရတနာပုံတံတားတွင် တရားခံများနှင့်အတူ သိမ်းဆည်းရမိ ဓာတုပစ္စည်းများကို တွေ့ရစဉ်။



ကလေးမြို့ မြို့လှရပ်ကွက်နှင့် တောင်ဇလပ်ရပ်ကွက်တို့တွင် တရားခံများနှင့်အတူ သိမ်းဆည်းရမိ ထိန်းချုပ်ဓာတုပစ္စည်းများကို တွေ့ရစဉ်။

# စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်များ တွေ့ဆုံပွဲနှင့် စာကြည့်တိုက်မှတ်ပုံတင်ပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဝင်နှင့် အင်းစိန်ခရိုင်အတွင်းရှိ အင်းစိန်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်များမှ စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်များ တွေ့ဆုံပွဲနှင့် စာကြည့်တိုက်မှတ်ပုံတင်ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)လူထုအခြေပြုဇာတ်ပြုဌာနဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင် ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) က မြို့နယ်များတွင် စာကြည့်တိုက်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးစားဆောင်ရွက်သွားကြရန်နှင့် စာပေမြင့်မှ လူမျိုးတင့်မည်ဖြစ်ကြောင်းပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်း၊ စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီရုံးအဖွဲ့မှူး ဦးဝင်းသိန်း၊ အင်းစိန်မြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌဦးဝင်းမြင့်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ဦးမြင့်ဇော်တို့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် နိုင်ငံတော်က ထောက်ပံ့ပေးသောငွေများဖြင့် စာကြည့်တိုက်အသစ်များ တိုးချဲ့တည်ဆောက်နေမှုနှင့် ကျောင်းစာကြည့်တိုက်များ စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးပြောကြားကာ တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးချက်များကို တိုင်းဒေသကြီး ကော်မတီဝင် ဦးဘိုကြည်က ပြန်လည်ဖြေကြားပြီး တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီမှ စာကြည့်တိုက်မှတ်ပုံတင်ကျထားသော အင်းစိန်မှ မာရဝိဇယစာကြည့်တိုက်၊ ဖိုးရာဇာ စာကြည့်တိုက်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မှ ပညာတံခွန်စာကြည့်တိုက်တို့ကို စာကြည့်တိုက်မှတ်ပုံတင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း


❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။





## ဖန်းမော်မြို့တက္ကသိုလ်ပေါင်းစုံ မိုးရာသီဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ




**ဖန်းမော် ဩဂုတ် ၁၈**

ကချင်ပြည်နယ်၊ ဖန်းမော်မြို့တွင် ဖန်းမော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ လမ်းညွှန်မှုဖြင့် ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဦးဆောင်ကျင်းပသည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ မိုးရာသီဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီက ခရိုင်ပြည်သူ့အားကစားပြိုင်ကွင်းတွင် ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ တက္ကသိုလ်ပေါင်းစုံ မိုးရာသီဖိတ်ခေါ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၆ ရက်က စတင်၍ ဖန်းမော်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(ဖန်းမော်)နှင့် ကွန်ပျူတာတက္ကသိုလ် (ဖန်းမော်) တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဗိုလ်လုပွဲတွင် ဖန်းမော်တက္ကသိုလ်အသင်းနှင့် နည်းပညာတက္ကသိုလ်(ဖန်းမော်) အသင်းတို့က အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြပြီး ဖန်းမော်တက္ကသိုလ်အသင်းက ပထမဒိုင်းဆုကြီးကို ဆွတ်ခူးသွားခဲ့သည်။

ဆက်လက်၍ အဆိုပါ ဘောလုံးပြိုင်ပွဲဆုပေးပွဲကျင်းပရာ ပထမဆုရရှိသည့် ဖန်းမော်တက္ကသိုလ်အသင်းအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးအောင်ဇော်လတ်ကလည်းကောင်း၊ဒုတိယဆုရရှိသည့် နည်းပညာတက္ကသိုလ်(ဖန်းမော်)အသင်းအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရဲဝင်းကလည်းကောင်း၊တတိယဆုရရှိသည့် ကွန်ပျူတာတက္ကသိုလ် (ဖန်းမော်)အသင်းအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဇော်လုလဝမ်ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြပြီး နည်းပညာတက္ကသိုလ်(ဖန်းမော်)မှ ဒုတိယပါမောက္ခကြီး ဒေါက်တာဇော်ဝင်းအောင်က ဆီမီးဖိုင်နယ်နှင့်ဗိုလ်လုပွဲတို့တွင် ပါဝင်ကူညီပေးခဲ့သည့် ဒိုင်၊ လိုင်းနတ်များကိုလည်း ဂုဏ်ပြုလက်ဆောင်များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မိုးလယ်ကာလပြီးဆုံးမည့် ဩဂုတ်လကုန်အထိ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများတွင် မိုးပိုမိုရွာသွန်းနိုင်

မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ကြိုတင်ခန့်မှန်းချက်များအရ မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများတွင် မိုးလယ်ကာလပြီးဆုံးမည့် ဩဂုတ်လကုန်အထိ နှစ်စဉ်ရွာသွန်းမြဲ မိုးရေချိန်ထက် မိုးပိုမိုရွာသွန်းနိုင်ကြောင်း မိုးဇလပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

၂၀၂၄ ခုနှစ် မိုးရာသီ၏ မိုးလယ်ကာလမှာ ဩဂုတ် ၃၁ ရက်မှ စတင်ပြီးဆုံးမည်ဖြစ်၍ ယင်းနောက်ပိုင်းတွင် မိုးနှောင်းကာလသို့ ဝင်ရောက်မည်ဖြစ်သည်။

"ပြီးခဲ့တဲ့ ၃ ရက်လောက်ကစပြီး အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းက ကုန်းတွင်းလေဖိအားနည်းရပ်ဝန်းနဲ့ မြန်မာနိုင်ငံပေါ်က ဖြတ်သန်းတဲ့ မုတ်သုံမြောင်းတန်း(Moonsoon Trough)ကြောင့် ဩဂုတ် ၂၆ ရက်ကစပြီး တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ပြောရင်တော့ နေရာကျဲကျဲကနေ နေရာစိပ်စိပ် မိုးများနိုင်တယ်"ဟု ၄င်းက ပြောသည်။

မိုးလယ်ကာလတွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့်အောက်ပိုင်း၊ကချင်ပြည်နယ်၊ ချင်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသအချို့တွင် နှစ်စဉ် ရွာသွန်းမြဲ မိုးရေချိန်ထက် ၀ ဒသမ ၅ လက်မမှ ၁ လက်မခန့် ပိုမိုရွာသွန်းနိုင်သည်ဟု ဆိုသည်။

ထို့အပြင် ရခိုင်ပြည်နယ်တောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(တောင်ပိုင်း)၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် နှစ်စဉ်ရွာသွန်းမြဲ မိုးရေချိန်အောက် ၀ ဒသမ ၂၅ လက်မမှ ၁ လက်မထိ လျော့နည်းနိုင်သည်။

ယခုကာလအတွင်း အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများပေါ်တွင် ကုန်းတွင်းလေဖိအားနည်းရပ်ဝန်းသည် ရံဖန်ရံခါ ဖြစ်ပေါ်လေ့ရှိပြီး အနောက်တောင်မုတ်သုံလေအားကောင်းချိန်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အလယ်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်း၊ ပဲခူးတိုင်းဒေသကြီးမြောက်ပိုင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် များသောအားဖြင့် နှစ်စဉ်ရွာသွန်းမြဲ မိုးရေချိန်ခန့်သာ မိုးရွာသွန်းနိုင်မည်ဟု သိရသည်။

**(မန္တလေးနေ့စဉ်-ဇ)**

## ပြည်ကြီးတံခွန်မြို့နယ်တွင် ကုမ္ပဏီဝန်ထမ်းများအား ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်း ဖွင့်လှစ်

**မန္တလေး ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကြက်ခြေနီကြီးကြပ်မှုကော်မတီ မှကြီးမှူး၍ ပြည်ကြီးတံခွန်မြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် Unilever Co,Ltd ဝန်ထမ်းရေးရာဌာနတို့ပူးပေါင်း၍ ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းကို ဩဂုတ် ၁၆ ရက်နှင့် ၁၇ ရက်များက ပြည်ကြီးတံခွန်မြို့နယ်ရှိ Unilever Co,Ltd ခန်းမပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီအတွင်းရေးမှူးဦးကျော်ကျော်နှင့်ကော်မတီဝင်များ၊ ပြည်ကြီးတံခွန်မြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် မန္တလေးတိုင်း ကြက်ခြေနီကြီးကြပ်မှု ကော်မတီမှ နည်းပြများ၊ ကုမ္ပဏီဝန်ထမ်းများ တက်ရောက်ကြသည်။


သင်တန်းတွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီအတွင်းရေးမှူးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်များ၊ ထိခိုက်ဒဏ်ရာ ရှေးဦးပြုစုနည်းများ၊ လူနာဆန်းစစ်ခြင်းဘာသာရပ်များအား မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ နည်းပြများက စာတွေ့၊ လက်တွေ့ပုံစံငယ်များဖြင့် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၄၅)**



သင် ကျန်းမာလိုလျှင်
ဆီနှင့် အငန် လျှော့စားပါ။



## ပြည်တွင်းစားသုံးမှုများသည့် ပေါ်ဆန်းဆန်ကို အရန်ဆန်အဖြစ် ထားရှိသွားမည်

ပြည်တွင်းစားသုံးမှုများသည့် ဆန်ချောအမျိုးအစား ပေါ်ဆန်းဆန်ကို အရန်ဆန်အဖြစ် ထားရှိသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံက သိရသည်။

ယခင်က ဆန်ကြမ်းဖြစ်သည့် ဧည့်မထဆန်မျိုးကိုသာ အရန်ဆန်အဖြစ်ထားရှိရာကနေ ယခုအခါ ပြည်တွင်းစားသုံးမှုများသည့် ပေါ်ဆန်းမွှေးကို အရန်ဆန်အဖြစ် သက်မှတ်ရန် ပြင်ဆင်နေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌဦးရဲမင်းအောင်က ပြောသည်။

"လောလောဆယ်တော့ ပြင်ဆင်နေတဲ့ အနေအထားပါ။ ပေါ်ဆန်းကို အရန်ဆန်အဖြစ် ပြောင်းလဲထားရှိဖို့ စီစဉ်ဆောင်ရွက်နေပါတယ်"ဟု ၄င်းက ပြောသည်။

အရန်ဆန်တွေကို ပြည်တွင်းဆန်ဈေးမြင့်တက်ချိန်မှာ သက်သာဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ကူညီဆောင်ရွက်နိုင်ရန် စုဆောင်းထားရှိခြင်းဖြစ်သည်။

ပို့ကုန်အခြေပြု အရန်ဆန်ထားရှိရေးစနစ်ကြောင့် ပြည်ပကို ဆန်တင်ပို့သည့် ကုမ္ပဏီတွေအနေဖြင့် ပို့ကုန်လိုင်စင်လျှောက်ထားသည့် ဆန်တန်ချိန်ပေါ် အရန်ဆန်အဖြစ် ထွက်ရှိမှုအပေါ်မူတည်ကာ ၁တန် တစ်အိတ်မှ ၄ တန်ကို တစ်အိတ်နှုန်းပေးသွင်းရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က သက်မှတ်ထားသည်။

ဆန်ဈေးတက်လာသည့်အချိန် အခြေခံလုပ်သားတွေ၊ပြည်သူတွေ၊ အစိုးရဝန်ထမ်းတွေကို သက်သက်သာသာဖြင့် ရောင်းနိုင်ရန်ကြိုတင်ပြင်ဆင်သည့် သဘောဖြစ်ကြောင်း တာဝန်ရှိသူက ဆိုသည်။

ပြည်ပကို ဆန်တင်ပို့သည့် ကုမ္ပဏီများအနေဖြင့် အရန်ဆန်၏ ၂၅ ရာခိုင်နှုန်းကို သက်မှတ်သိုလှောင်ရုံတွေဆီ တစ်ပတ်အတွင်း ပို့ဆောင်ရတာဖြစ်ပြီး ကျန် ၇၅ ရာခိုင်နှုန်းကို စာရင်းမှတ်စနစ်ဖြင့်ထားရှိပြီး လိုအပ်သည့် အချိန်တွင် ကောက်ခံခြင်းဖြစ်သည်။

ပြည်တွင်း၌ နွေစပါး၊ မိုးစပါး စိုက်ပျိုးမှုတွင် နွေစပါးအများစုမှာ ပို့ကုန်ဆန်အမျိုးအစား အများဆုံးနှင့် မိုးစပါးတွင်သာ ပြည်တွင်းစားသုံးမှုများသည့် ဆန်ချောများကိုအများဆုံး စိုက်ပျိုးကြသည်။

နွေစပါးစိုက်ပျိုးမှုကို ဖေဖော်ဝါရီလကုန်ပိုင်းမှစတင်စိုက်ပျိုးပြီး မေလတွင် ရိတ်သိမ်းကာ မိုးစပါးစိုက်ပျိုးမှုကို ဇူလိုင်လမှစတင် စိုက်ပျိုးပြီး ဒီဇင်ဘာလတွင် ရိတ်သိမ်းသည်။

နွေစပါးစိုက်ပျိုးမှုအနေဖြင့် သက်တမ်းတိုသည့် စပါးမျိုးများဖြစ်သော ရက်ကိုးဆယ်စပါးမျိုး ရွှေသွယ်ရင်၊ ထိုင်းနှာကောက်စပါးမျိုးများကို မြန်မာနိုင်ငံအထက်ပိုင်းတွင် အများဆုံးစိုက်ပျိုးသည်။

မိုးစပါးစိုက်ပျိုးမှုအနေဖြင့် ဧရာမင်းစပါးမျိုး၊ ရွှေဘို ပေါ်ဆန်းစပါးမျိုးနှင့် မနောသုခ၊ဆင်းသုခနှင့် အထွက်နှုန်းကောင်းသည့် GW-11 စပါးမျိုးများကို စိုက်ပျိုးကြသည်။

လက်ရှိမိုးစပါးရာသီတွင် မြန်မာတစ်နိုင်ငံလုံး မိုးစပါးစိုက်ပျိုးဧက ၁၀ သိန်းကျော်ကို စိုက်ပျိုးလျက်ရှိကာ စိုက်ပျိုးစရိတ် ချေးငွေများထုတ်ပေးရန်နှင့် သွင်းအားစု ဓာတ်မြေဩဇာများ ပံ့ပိုးရောင်းချပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ရွှေမန်း**



## ဘုရားကျောင်း ကန် စေတီပုထိုးများအား စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မင်းဘူး ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၌ မြို့၊ ရွာ သန့်ရှင်းသာယာလှပရေးအတွက် ဘုရား၊ ကျောင်းကန်၊ စေတီပုထိုးများ၊ စာသင်ကျောင်းများ၊ ဆေးရုံနှင့် အများပြည်သူသက်ဆိုင်သည့် နေရာများ၊ လမ်းဆုံလမ်းခွများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၇ ရက် နံနက် ၇ နာရီက စက္ကိန်းတဲဘုရားရင်ပြင်တော်ပေါ်၌ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများမှ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့ဝင်များက ဘုရားရင်ပြင်တော်ပေါ်ရှိ သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များနှင့် အမှိုက်များကို ရှင်းလင်းဆောင်ရွက်ပေးခဲ့ပြီး စည်ပင်သာယာအမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၅၀၄)**

## ကန့်ဘလူမြို့ အထက(၁)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**ကန့်ဘလူ ဩဂုတ် ၁၈**

ကျောင်းသားလူငယ်များ စာပေဖတ်ရှုလေ့လာမှု အင်အားကောင်းလာစေရန်နှင့် မိမိတို့ အတွေးအမြင် ဗဟုသုတများကို အချင်းချင်း မျှဝေဆွေးနွေးဖလှယ်တတ်စေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အထက(၁)ကန့်ဘလူ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာအေးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်/ဆက်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က လူငယ်စကားဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်များနှင့် ဌာန၏ ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ခရိုင်ပြန်/ဆက်ဌာန ဦးစီးအရာရှိ ဒေါ်ကြည်ဆန်းက ဆောင်ရွက်၍ Grade-10မှ မောင်သောင်းကိုက လူငယ်နှင့် စာဖတ်ခြင်း၊ မယဉ်ယဉ်ခိုင်က လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ Grade-11မှ မခက်ဆုရည်က လူငယ်နှင့် ရည်မှန်းချက်၊ မသီရိရှင်းသန့်က လူငယ်နှင့် အနာဂတ်၊ မောင်ထက်စည်သူအောင်က လူငယ်နှင့် အားကစားစသည့် ခေါင်းစဉ်တို့ကို တစ်ဦးချင်းအလိုက်ဆွေးနွေးပြောကြားကြရာ တက်ရောက်လာကြသော ကျောင်းသား၊ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြသည်။



ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် အသိပညာပေး စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြကြောင်းနှင့် အဆိုပါအခမ်းအနားသို့ တာဝန်ခံ ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ ၁၆၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**
**(၄၈၀)**

## ဖြူထွားကျေးရွာ၌ (VRFP)စီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေး

**ညောင်ဦး ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖြူထွားကျေးရွာ၌ စတုတ္ထအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်က စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ် အကြောင်းအရာများ၊ ကျေးလက်နေပြည်သူမျာ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကာလသတ်မှတ်ချက်များနှင့် အတိုးအရင်းငွေ အချိန်မီပေးသွင်းရေးကိစ္စရပ်များ၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် အကျိုးခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်း ပြောကြားပြီး ဒုတိယဦးစီးမှူးက ဖြူထွားကျေးရွာရှိ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၂၀ ဒသမ ၇ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ဖြူထွားကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၂ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၂ ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၄ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၂၀ ဒသမ ၇ သန်းအား စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၄၄၅)**



## ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ငရုတ်သီးနှံ ၅၂၃ ဧက စိုက်ပျိုး ပြီးစီး

**ပွင့်ဖြူ ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ငရုတ်သီးနှံ ၅၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ တစ်မြို့နယ်လုံး ငရုတ်သီးနှံ ၅၆၁ ဧက စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ၅၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် မိုးရာသီတွင် ပွင့်ဖြူမြို့နယ်မှာ ဒေသတွင်းစားနပ်ရိက္ခာဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့အတွက် ရည်ရွယ်ပြီး ငရုတ်သီးနှံ ၅၆၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ယနေ့အထိ ၅၂၃ ဧက စိုက်ပျိုးပြီးစီးသွားပြီ ဖြစ်ပါတယ်။ ငရုတ်သီးနှံက ဈေးကွက်ရှိတော့ တောင်သူတွေက စီးပွားဖြစ် စိုက်ပျိုးကြတယ်။ အဓိကစိုက်တဲ့ ငရုတ်မျိုးတွေက သာမိ - ၁၁ ငရုတ်မျိုး၊ ငရုတ်ပွနဲ့ ကုလားအော်သီးငရုတ်မျိုးများကို စိုက်ပျိုးကြပါတယ်။ ငရုတ်သီးနှံစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး အထွက်နှုန်းကောင်းဖို့၊ စားသုံးသူပြည်သူတွေ အစားအစာဘေးကင်းလုံခြုံစေဖို့အတွက် လိုအပ်တဲ့ အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်တွေ၊ ပိုးမွှားရောဂါကျရောက်မှုမဖြစ်အောင် ကြိုတင်ကာကွယ်ရန် လုပ်ငန်းတွေကို ကွင်းဆင်းပညာပေးလျက်ရှိပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက သီးနှံဝင်ငွေတွက်ခြေကိုက်သည့် ငရုတ်သီးနှံစိုက်ပျိုးရေးကို(နွေ၊ မိုး၊ ဆောင်း) တစ်နှစ်ပတ်လုံး စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရပြီး တောင်သူများ ရာသီအလိုက် ငရုတ်သီးနှံ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများက သီးနှံအထွက်နှုန်းကောင်းမွန်စေရန်နှင့် အစားအစာဘေးကင်းလုံခြုံစေရန်အတွက် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခြင်း၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ပံ့ပိုးပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရန် နည်းပညာပေးခြင်းစသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**
**(၄၄၅)**

## ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မှု မရပ်နားမီ ပြည်တွင်းပြောင်းဈေး ဆက်လက် မြင့်တက်နေ

ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မှု မရပ်နားမီ ပြည်တွင်း ပြောင်းဈေးကွက်ဆက်လက်မြင့်တက်နေကြောင်း ပြောင်းကုန်သည်များထံက သိရသည်။

ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မှုကို ဩဂုတ်လကုန်ပိုင်းတွင် ရပ်နားတော့မည်ဖြစ်ပြီး စက်တင်ဘာလမှ ဖေဖော်ဝါရီလထိ ပြောင်းတင်ပို့မှု ရပ်ထားမည်ဖြစ်သည်။

ထိုင်းနိုင်ငံသို့ ပြောင်းတန်ပို့မှုကို ဩဂုတ်လကုန်ထိသာ တင်ပို့ခွင့်ရှိတော့မည်ဖြစ်ရာ ယခုရက်ပိုင်းအတွင်း ပြောင်းတင်ပို့မှုကို ပင်လယ်ရေကြောင်းမှ သာ တင်ပို့နေခြင်းဖြစ်သည်။

ပြည်တွင်းပြောင်းဖူးစေ့များကို ပြည်ပတင်ပို့မည့်ကုမ္ပဏီများက ဇွန်၊ ဇူလိုင်လများက ဝယ်ယူခဲ့ပြီး ရေလမ်းခရီးဖြင့် မန္တလေးဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်း၊ ရန်ကုန်ဆိပ်ကမ်းမှ ထိုင်းနိုင်ငံရနောင်းဆိပ်ကမ်းသို့ တင်ပို့နေခြင်းဖြစ်သည်။


ဩဂုတ် ဒုတိယသီတင်းပတ်တွင် ဗန်းမော်ဘက်မှ ပြောင်း အနည်းငယ်ဝင်ရောက်မှုရှိနေပြီး ပြည်တွင်းပြောင်းလက်ကျန်နည်းနေကြောင်း ပြည်တွင်း အစာစက်ရုံများ၏ ဝယ်လိုအားကြောင့် ပြောင်းဈေးဆက်လက်မြင့်တက်နေခြင်းဖြစ်သည်။

ပြည်တွင်းပြောင်းဈေးမှာ ဩဂုတ်လ ၁၈ ရက်တွင် ၅၄ပိဿာ သုံးတင်းဝင် တစ်အိတ်လျှင် ၇၆၀၀၀-၇၈၀၀၀ ပေါက်ဈေးရှိနေပြီး ယခင်သီတင်းပတ်ထက် ငွေကျပ် ၆၀၀၀-၈၀၀၀ ခန့် ဈေးမြင့်တက်လာကြောင်း သိရသည်။ **ရွှေမန်း**



ဝတ္ထုတိုကဏ္ဍ

# လမင်းနှင့် ကြယ်စင်များ



မင်းလပြည့်(ဟားခါး)

‘ဒေါင်…ဒေါင်…ဒေါင်…ဒေါင်…ဒေါင်’

အချက်ကျကျမြည်နေသော ကျောင်းဆင်းခေါင်းလောင်းထိုးသံနှင့်အတူ ဆရာမလေး ဒေါ်စံပယ်တစ်ယောက် စာသင်ခန်းသို့ လျှောက်လာသည်။ (Grade-10) အခန်းက အနည်းငယ်ဝေးသည်။

‘ဝေး..ဝါး…ဟား…ဟား’

အခန်းထဲသို့ ဝင်လိုက်သည်နှင့် အော်ဟစ်ဆူညံသံများက သူမ၏ နားထဲပြေးဝင်နှုတ်ဆက်သည်။ ကျောင်းသူများက ဆူညံစွာ စကားပြောနေသည်။ စားပွဲပေါ်မှ ဘောဖျက်ဖြင့် စားပွဲထုအသံပေးလိုက်မှ ငြိမ်ကျသွားသည်။ ကျောင်းခန်းတွင် ‘ကာယ၊ ဥဒာ၊ စာရိတ္တ၊ ရသ၊ သက်မွေး၊ ဘက်စုံ၊ ပညာရေး’ဟူသော စာတန်းလေးကို ရေးထားသည်။

နောက် ထူးဆန်းမှတ်သားဖွယ် ‘ပျားက အုံပြု၊ အရည်စု၊ ထားမှုလိမ္မာ နောင်ချမ်းသာ၏။ ယင်မှာသော်တုံ ဝမ်းဝရုံဖြင့် အုံကာသောက်စား စုမထား၍ ရှာငြားမပြတ် မရင်တ်၏’ဟု ရေးသားထားသည်ကို တွေ့ရသည်။

အသားဖြူဖြူ အရပ်မြင့်မြင့်၊ ခန္ဓာကိုယ် သွယ်လျပြီး ချောမောသော မျက်နှာထားပိုင်ရှင် သေသပ်သော ဆင်ယင်ထုံးဖွဲ့မှုက မြင်ရသူအပေါင်းကို အားကျစေသော ဆရာမလေးပင်၊

‘ဆရာမကို သားတို့၊ သမီးတို့ မြင်ဖူးကြမယ်မထင်ဘူး။ ဆရာမက ဒေါ်စံပယ်ပါ။ ရန်ကုန်တိုင်းက ပြောင်းလာတာပါ။ ဆရာမ ရာထူးတိုးနဲ့ ချင်းပြည်နယ်ကို တောင်းဆိုပြောင်းလာတာပါ။ သားတို့၊ သမီးတို့၊ ချင်းပြည်နယ်က ကျောင်းသားတွေကို ဆရာမတတ်ထားတဲ့ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ ဘာသာရပ်များ နားလည်တတ်ကျွမ်းအောင် သင်ပေးချင်လို့ ဒီကျောင်းကို ပြောင်းဖို့ တာဝန်ကျလာတာပါ’

ဆရာမ၏စကားသံကြောင့် ကျောင်းသားများ မျက်နှာမှာ ဝင်းထိန်ကာ မျက်လုံးများက အရောင်တောက်ပလာသည်။

‘ဆရာမက စည်းကမ်းရှိမှ အချိန်တိကျမှ ကြိုက်တယ်။ ကျောင်းသားက ကျောင်းသွားရမယ်။ စာကို ကြိုးစားသင်ယူရမယ်။ ကျက်မှတ်ရမယ်။ မသိရင် မေးရမယ်။ မှတ်ထားနော်။ ခု ဆရာမ မြန်မာစာ စသင်မယ်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးရဲ့ ‘ပညာသင်ခါ မရှက်ရာ’ သင်ခန်းစာကို သင်မယ်။ သင်ရင်း ဆွေးနွေးမယ်။ ကျောင်းမှန်မှန် တက်ပါ။ ကျောင်းတက် မပျင်းပါနဲ့’

ဆရာမ ဒေါ်စံပယ်၏ ကျွမ်းကျင်စွာ သင်ပြမှုကြောင့် ကျောင်းသားများ သဘောကျသည်။ စဉ်းစားတွေးခေါ်ပုံ နှိုင်းယှဉ်တင်ပြပုံက ကောင်းလှသည်။ စာသင်ခန်းထဲမှာ အဆူညံဆုံးလူဆိုးအဖွဲ့ဟု သတ်မှတ်ထားသော စောလုဝေ၊ မောင်စိုး၊ ထောင်ဇမ်နှင့် အောင်ထန်းတို့ လေးဦးပင် နားရွက်ကုပ် ငြိမ်သက်နေကြသည်။ သူတို့လေးဦးဆိုးကြောင်း ဒေါ်စံပယ် သိပြီးဖြစ်သည်။ သို့သော် ထောင်ဇမ်နှင့် အောင်ထန်းက စာစိတ်ဝင်စားဟန်မပြ ဒေါ်စံပယ်က သိသည်။

နေ့စဉ် ဆရာမ ဒေါ်စံပယ်၏ ဘာသာရပ်တိုင်း ကျွမ်းကျင်စွာ သင်ကြားပြသနိုင်မှု၊ စည်းကမ်းကောင်းမွန်မှုကြောင့် မိဘ၊ ဆရာ၊ ကျောင်းသားများကြား အချိန်ကြာသည်နှင့်အမျှ နာမည်ကောင်း သင်းရနံ့ မွှေးပျံ့နေသည်။

* * * * *

‘တို့ရဲ့ မြန်မာလူမျိုးဟာ ကိုယ်ပိုင်အက္ခရာ၊ ကိုယ်ပိုင်စာ၊ ကိုင်ပိုင်ဂီတ၊ ကိုယ်ပိုင်ယဉ်ကျေးမှုရှိလို့ ဘယ်နိုင်ငံမှ အထင်မသေးရဲဘူး။ လေးစားကြတယ်။ အထူးသဖြင့် မြန်မာအက္ခရာဟာ ဝိုင်းစက်လှပလို့ ကမ္ဘာပေါ်မှာ အလှဆုံး မြန်မာ အက္ခရာအဖြစ် အသိအမှတ်ပြုကြတယ်။ ဆရာမောင်ခင်မင်(ဓနုဖြူ)ရဲ့ စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ စာအုပ်ရှိတယ်။ လေ့လာမှတ်သားစရာ သိပ်ကောင်းတယ်။ ဆရာမင်းသုဝဏ်၊ ဆရာဇော်ဂျီ၊ ဆရာမင်းယုဝေ၊ ဆရာများရဲ့ စကားပြေ၊ ကဗျာအရေးအသားတွေကို လေ့လာပြီး မြန်မာစာကို ကျွမ်းကျွမ်းကျင်ကျင်ရေးတတ်ဖို့ မှာချင်တယ်’

ဆရာမ ဒေါ်စံပယ်က ဗဟုသုတ၊ မှတ်သားထိုက်သည်များကိုလည်း သင်ကြားပြောပြသည်။

‘ကဲ ဒါနဲ့ တို့မြန်မာစာမဟုတ်ဘဲ ဘန်းစကား၊ ဖေ့ဘုတ်စကားလို မြန်မာစာကို ဖျက်ပြောနေကြတယ်။ ကဲ ထောင်ဇမ် တစ်ခုလောက် ပြောပြစမ်း’

‘အစ်ကိုကို ကွီးလို့ ရေးပါတယ်’

‘ဝါး ဟားဟားဟား’

ကျောင်းသား၊ ကျောင်းသူများ ရယ်မောကြသလို ဆရာမ ဒေါ်စံပယ်ကလည်း ပြုံးနေသည်။

‘ကဲ မိန်းကလေးဘက်က တစ်ယောက်ပြောစမ်း’

ပါရွေထားရ်က ထပြောသည်။

‘ကလေးကို ခေးလို့ ရေးကြပါတယ်’ မိန်းကလေးဘက်က လက်ခုပ်တီးကြသည်။

‘ကဲ အောင်ထန်း တစ်ခုလောက် ပြော’

‘သူငယ်ချင်းကို သယ်ရင်းလို့ ရေးပါတယ်’ ယောက်ျားလေးများက လက်ခုပ်တီးကြ၏။ တစ်ခုလောက်ပြောစမ်း ‘အစ်ကိုကြီးကို ကော်ကြီး’လို့ ရေးတာ တွေ့ရပါတယ်။

‘တချို့ဒေသမှာ အဖေကို ‘ဘိုးတော်’ လို့ ခေါ်တယ်။ အမေကို ‘ဘွားတော်’ လို့ ခေါ်တယ်။ အဲဒါကြားလို့ ကောင်းလား။’

‘မကောင်းဘူး၊ ရိုင်းပါတယ်’

‘သူတို့ ခလေ့အရ ခေါ်ကြတယ်။ မင်းတို့သိထားဖို့က လူမျိုးတိုင်းမှာ သမိုင်းကြောင်းရှိတယ်။ ရှေးခေတ်က မျိုးချစ်ဘိုးဘွားတွေက ဗမာပြည်သည် တို့ပြည်၊ ဗမာစကားသည် တို့စကားလို့ပြောပြီး နယ်ချဲ့ကို ဇာတိမာန်တွေ ပြသခဲ့ကြတယ်။ သားတို့၊ သမီးတို့ လက်ထက်မှာလည်း မြန်မာစာ ရေးထုံး၊ ပြောထုံး ရေးသားနည်းတွေကို မမေ့ပျောက်ဘဲ မြန်မာစာကို ထွန်းကားတိုးပွားလာအောင် ဆောင်ရွက်ပေးကြဖို့ လိုတယ်။ မြန်မာစာရေးထုံးကို ဘန်းစကားတွေနဲ့ မရေးနဲ့၊ မပြောကြပါနဲ့လို့ မှာချင်တယ်’

‘ဟုတ်ကဲ့ပါ ဆရာမ’

‘ဒေါင်…ဒေါင်…ဒေါင်’

အခန်းပြောင်းအချက်ပေးသံ ထွက်ပေါ်လာသည်။ ဆရာမ ဒေါ်စံပယ်တစ်ယောက် ရူပဗေဒဘာသာရပ်သင်ရန် အခြားအခန်းသို့ ပြောင်းရွှေ့ထွက်ခွာသွားသည်။

* * * * *

စနေ၊ တနင်္ဂနွေနေ့ဖြစ်သော်လည်း ဆရာမ ဒေါ်စံပယ်တစ်ယောက် မအားလပ်နိုင်၊ စာမေးပွဲဖြေပြီးဖြစ်၍ တစ်ဦးချင်း ရမှတ်များကို စစ်ဆေးခြင်းဖြင့် နေဝင်မိုးချုပ် မအားနိုင်ဖြစ်နေသည်။ အမှတ်စာရင်းထုတ်ပြန်တော့ စောလုဝေ၊ ထောင်ဇမ်နှင့် အောင်ထန်းတို့ မြန်မာစာ ကျပြီး မောင်စိုးတစ်ယောက်သာ အောင်သည်။ ကျရှုံးသူများကို ခေါ်တွေ့သည်။

‘သားတို့သုံးယောက်က မောင်နှမ ခြောက်ယောက်ရှိတယ်။ အဖေက တောထဲမှာ သစ်ဝါးခုတ်၊ အမဲလိုက်တယ်။ အမေကတစ်ဆင့်ယူပြီး ဈေးလှည့်ရောင်းရတယ်။ ကျွန်တော်က အကြီးဆုံးမို့ အိမ်မှုကိစ္စ လုပ်ရတယ်။ စာကျက်ချိန်နည်းတယ်။ ဓာတု၊ ရူပ၊ ဇီဝဗေဒ ဘာသာတွေ ဖိလုပ်တော့ မြန်မာစာ အားနည်းသွားတယ်’

ဒေါ်စံပယ်က လက်ခံသည်။

‘ကျွန်တော်လည်း အလားတူပါပဲ၊ မြန်မာစာ ကျက်ရမှာ ပျင်းတယ်။ ကျန်တဲ့ဘာသာတွေ အားနည်းလို့ ဖိကြိုးစားရင်း မြန်မာစာ ကျသွားတာပါ’

‘ကဲ အောင်ထန်းကရော ဘယ်လိုဖြစ်လဲ’

အောင်ထန်းက

‘ကျွန်တော်က မြန်မာစာကို ကပ်ကျက်ရင် အောင်မယ်ထင်ပြီး ညကျမှ ကျက်တယ်။ စာမေးပွဲဖြေတော့ မေ့တာ၊ ရောကုန်ပြီး ကျတာပါ’

ဆရာမ ဒေါ်စံပယ် အဖြေသိခဲ့ပြီ ဖြစ်ပါသည်။ အနာသိရင် ဆေးရှိရမည် ဖြစ်ပါသည်။ မြန်မာစာနှင့်ပတ်သက်၍ အချိန်ပိုသင်ကြားပေးရန် စီစဉ်ရမည်ဟု တွေးမိသည်။

* * * * *

‘ဆရာမ ဒေါ်စံပယ်ဆိုတာ ဘယ်သူလဲ’

နံနက်စောစော ဆရာမ ဒေါ်စံပယ်တစ်ယောက် သင်တန်းသားများ၏ လေ့ကျင့်ခန်းစာအုပ်များ အမှတ်ဖြတ်နေစဉ် မိန်းမအသံကြား၍ ကြည့်လိုက်တော့ ဝဝဖိုင့်ဖိုင့်၊ ရွှေငွေညွတ်နေအောင် ဝတ်ဆင်ထားသော ချမ်းသာဟန်တူသည့် မိန်းမကြီးတစ်ဦးကို တွေ့ရသည်။

‘ဒေါ်စံပယ်က ကျွန်မပါ။ အန်တီ ဘာကိစ္စရှိလို့လဲ၊ ဘာကူညီပေးရမလဲ’

‘ကျွန်မ အောင်ထန်းရဲ့အမေပါ။ မနေ့က ဆရာမ ကျွန်မသားကို ဆူလိုက်တာ သိရတယ်။ မဆူပါနဲ့ဆရာမ။ ကျွန်မတို့ တစ်အိမ်လုံး ချစ်ရတဲ့ သားလေးပါ။ ကျွန်မ မကြိုက်ဘူး’

အထက်စီးဆန်ဆန် ပြောဆိုရန် တွေ့သော အမျိုးသမီးကြီးအပြုအမူက ရိုင်းပြသလိုဖြစ်နေသည်။ ဒေါ်စံပယ် ရင်ထဲ ဒေါသဖြစ်မိသော်လည်း ပညာရှိအမျက် အပြင်မထွက်ရ ဆိုသည့်နှယ် ပြန်ရှင်းလင်းပြသည်။

‘ကျွန်မတို့က ကျောင်းသား၊ ကျောင်းသူတွေကို လိမ္မာယဉ်ကျေးအောင် သင်ပြရတဲ့ ဆရာမတွေပါ။ ဘယ်သူ့အပေါ်မှ မျက်နှာသာမပေးပါဘူး။ မြန်မာစာ ဘာလို့ကျတာလဲ သိချင်လို့ မေးတာပါ။ မဆူပါဘူး။ ကိုယ့်ရင်ထဲက မွေးဖွားလာတဲ့ သား၊ သမီးတွေလို စေတနာနဲ့ ဆုံးမတာပါ။ ဆူမိတယ်လို့ ယူဆရင် ကျွန်မကို စိတ်မဆိုးပါနဲ့’

ဒေါ်စံပယ် သူသည်လောက်ပဲ ပြောထွက်သည်။ အမျိုးသမီးကြီး ပြန်ထွက်သွားတော့ စေတနာက ဝေဒနာဖြစ်သွား၍ ရင်ထဲဆို့နင့် စိတ်မကောင်းဖြစ်ကာ မျက်ရည်ဝဲ ဝမ်းနည်းနေသည်။ ဆရာမကိုတွေ့တော့ ကျောင်းသား၊ ကျောင်းသူများပါ စိတ်မကောင်း ဝမ်းနည်းဖြစ်ကြသည်။

**(ဆက်လက်ဖော်ပြပါမည်။)**

## စာဖတ်ရှိန်မြှင့်တင်ရေး အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပ

**မိတ္ထီလာ ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းဆောင်ရွက်သော စာဖတ်ရှိန်မြှင့်တင်ရေး အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ယမန်နေ့ နံနက် ၉နာရီက လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကို ကျင်းပရာ အခြေခံပညာအထက်တန်းကျောင်းနှင့်ကိုယ်ပိုင်အလယ်တန်းကျောင်းများမှ ပြိုင်ပွဲဝင် ကျောင်းသား၊ကျောင်းသူ ၆၅ဦးက အသိဉာဏ်ဖွံ့ဖြိုးဖို့ စာကြည့်တိုက်ကို သွားကြစို့ ခေါင်းစဉ်ဖြင့် ပါဝင်ရေးသား ယှဉ်ပြိုင်ကြသည်။



ငှင်းပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ၏ ပါဝင်ယှဉ်ပြိုင်နေမှုအား လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်၊ မြို့နယ်စာရေးဆရာအသင်းမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

အဆိုပါ ပြိုင်ပွဲအား ဩဂုတ် ၂၂ရက်၌ အထက(၂)တွင် ကျင်းပမည့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ပြိုင်ပွဲများအတွက် ကြိုတင်ကျင်းပခြင်းဖြစ်ပြီး အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ မူလတန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲများကို လူထုအခြေပြု ဗဟိုဌာနခန်းမတွင် ဩဂုတ် ၁၆ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)(၄၆၉)**

## အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

**ရွှေဘို ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ရွှေဘိုခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားစေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲနှင့်နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ နံနက်ပိုင်းက ရွှေဘိုမြို့အထက်တန်းကျောင်း(ခွဲ)တွင် ကျင်းပခဲ့သည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်အေးမြင့်စန်းက ကျောင်းသား၊ကျောင်းသူ လူငယ်များ ဗလငါးတန်ပြည့်စုံ၍ အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ စာပေဗဟုသုတများစွာ သိုလှောင်ထားသည့် ပညာဘဏ်တိုက် စာကြည့်တိုက်များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိပြီး စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ အားလပ်ချိန်များတွင် စာပေလေ့လာဖတ်ရှု၍ အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်စေရေး၊ စာအုပ်စာပေလေ့လာခြင်းအားဖြင့် အသိဉာဏ်ပညာ ဖွံ့ဖြိုးလာပြီး မိမိတိုင်းပြည်ကို အကျိုးပြုနိုင်မည့် လူငယ်များ ဖြစ်ပေါ်လာစေရေးအတွက် အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ ပြိုင်ပွဲများ၊ နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များ ပြသခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် အသိပညာပေး နံရံကပ်စာစောင်များ ပြသ ဆောင်ရွက်ရာ ကျောင်းသား၊ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ဒုတိယဦးစီးမှူး ဒေါ်ခိုင်ဇင်က ပြန်လည်ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

**မိုင်းဖြတ် ဩဂုတ် ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အသိပညာပေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲ ၁နာရီက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က အသိပညာပေးဟောပြောပွဲများ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ကလေးအလုပ်သမားဟူသည့် အဓိပ္ပာယ်နှင့် အသက်မပြည့်သေးသူ ကလေးသူငယ်အချို့သည် လုပ်ငန်းခွင်နယ်ပယ်များတွင် တွေ့ရှိနေပုံများကို ပညာပေးပြောကြားခဲ့သည်။

ထို့နောက် စာကြည့်တိုက်လက်ထောက်-၃ ဒေါ်နန်းကောင်ခမ်းက စာပေများကို လေ့လာဖတ်ရှုနိုင်ရေး၊စာဖတ်သူသည် လူအများကြား စကားပြောဆိုရာတွင် ရဲဝံ့စွာပြောဆိုနိုင်ကြောင်း၊ စာကြည့်တိုက်များတွင် စာပေများလေ့လာဖတ်ရှုနိုင်ရေးနှင့်စပ်လျဉ်း၍ ပညာပေးပြောကြားခဲ့သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည့် အချက်များကို မေးမြန်းဆွေးနွေးခဲ့ရာ ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက ပြည်သူ့စာကြည့်တိုက်ရှိ စာအုပ်များကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## မျိုးရိုးအမွေ ခံထိုက်စေ

\- ကလေးဘဝ ငယ်စဉ်ကလျှင်
ရှင်ပြုကခုန် နည်းမျိုးစုံကို
ဝိုင်းအုံကစား လွန်ပျော်ပါး၍
ချစ်များပိုကာ နေ၍လာခဲ့။
\- ဤသို့နှစ်တွေ လွန်မြောက်လေသော်
မျိုးဆွေတိုးပွား အိမ်ထောင်ခြား၍
မိများ ဖမွေ ရလိုလေသည်
ပျက်ပြေချစ်ခြင်း ကြင်နာကင်းခဲ့။
\- တန်ဖိုးမဲ့မှု ရုပ်ဝတ္ထုကို
တွေးရှုမေတ္တာ အကြင်နာနှင့်
လဲကာယူနေ တွေ့မြင်လေသည်
များထွေမေတ္တာ သွေဖည်ကာဖြင့်။
\- ဤသို့ဖြစ်ထွေ ထောက်ဆလေလျှင်
တူနေဆွေသား တစ်မိသားတို့
စိတ်ထားမမှန် သွေဖည်ပြန်၍
ရရန်အမွေ လုကြလေ၏။
\- မျိုးရိုးအမွေ ရလိုလေလျှင်
ညီစေလက်များ သိုင်းယှက်ထားလျက်
ကျင့်ပွားမေတ္တာ သည်းခံကာဖြင့်
ဖြစ်လာဆင်းရဲ အံကိုခဲ၍
ခက်ခဲများစွာ ကျော်ဖြတ်ပါမှ
တေဇာတန်ခိုး ဘုန်းရှိန်တိုးကာ
မျိုးရိုးအမွေ ခံထိုက်ပေ၏။ ။

**ပန်းသစ္စာ(ပုသိမ်ကြီး)**

## မန္တလေးမြို့တွင် ပန်းချီဆရာမ HTAY ART ၏ FLOWERS အမည်ဖြင့် ဒုတိယအကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၈**

ပန်းချီဆရာမ HTAY ART ၏ FLOWERS အမည်ဖြင့် ဒုတိယအကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲကို ဩဂုတ် ၁၇ရက် နံနက် ၉နာရီက မန္တလေး ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်၊ ၅၇လမ်း၊ ၁၀၃ လမ်းနှင့်၁၀၄လမ်းကြားရှိ Collector' s Soul Art Gallery အနုပညာပြခန်းတွင် ဖွင့်လှစ်ပြသခဲ့သည်။

ပြပွဲတွင် ယဉ်ကျေးမှုရှုထောင့်မှ သရုပ်ဖော် ရေးဆွဲထားသော အခရိုင်းလစ်လက်ရာပန်းချီကား ၃၁ကား ပြသထားရှိပြီး ပြပွဲအား ဩဂုတ် ၁၇ရက်မှ ၁၉ရက်ထိ သုံးရက်တိုင် နေ့စဉ် နံနက်၉နာရီမှ ညနေ ၅နာရီထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ ပန်းချီအနုပညာ ချစ်မြတ်နိုးသူများ လာရောက်လေ့လာခံစားကြည့်ရှုနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)(၀၇၀)**



## သတင်းပဒေသာ

### စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ တဲမြင့်ကျေးရွာအုပ်စု၊ သရက်ပင်ကျေးရွာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၃)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုတို့ ပူးပေါင်း၍ ကျေးလက်နေပြည်သူများ စာပေဖတ်ရှုသည့် အလေ့အထကောင်းများရရှိစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်းကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကျောင်းကျန်းမာရေး သိတင်းပတ်လှုပ်ရှားမှုဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့တွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေး သိတင်းပတ်လှုပ်ရှားမှုကို ဩဂုတ် ၁၇ရက်နံနက်ပိုင်းက အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လှူငယ်ရေးရာ အသိပညာပေး ဟောပြော

ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့၊ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဩဂုတ် ၁၇ရက် နံနက် ၁၀နာရီက လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် ဂိမ်းကစားပြိုင်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### စာဖတ်ရှိန်မြှင့်တင်ရန်ရည်ရွယ်၍ စာဖတ်ဝိုင်းကျင်းပ

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့်အလေ့အထ ဖြစ်ပေါ်စေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရန်ရည်ရွယ်၍ စာဖတ်ဝိုင်းကို ငဖဲမြို့ အခြေခံပညာအထက်တန်းကျောင်း ဗိုလ်ရွှဲခန်းမတွင် ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လူထုအခြေပြုဗဟိုဌာနတွင် ပုံပြင်ပြောပြိုင်ပွဲကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်နှင့် အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန် ရည်ရွယ်၍ ယမန်နေ့ နံနက်ပိုင်းက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ ပုံပြင်ပြောပြိုင်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လူငယ်ရေးရာဟောပြောပွဲနှင့် အသိပညာပေးနံရံကပ်စာစောင်များ ပြသ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများ တိုးပွားစေရန်နှင့် စာရိတ္တကောင်းမွန်စေရန်ရည်ရွယ်၍ 'လူငယ်ရေးရာ' ဟောပြောပွဲနှင့် အသိပညာပေးနံရံကပ်စာစောင်များပြသခြင်းကို ယနေ့နံနက် ၁၀နာရီက မွန်ကဲရပ်ကွက်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ဒေသကြက်မျိုး အကောင် (၁၀၀)ထောက်ပံ့

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၌ အသက်မွေးဝမ်းကြောင်းဆိုင်ရာ ဒေသကြက်မျိုးများ ထောက်ပံ့ပေးအပ်ခြင်းကို မယ်နင်ကျေးရွာအုပ်စု မယ်နင်ရွာအုပ်ချုပ်ရေးမှူးရုံးတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပြည်နယ်အစိုးရရန်ပုံငွေဖြင့် အိမ်ထောင်စု (၁၀)စုအတွက် ဒေသကြက်မျိုး အကောင်(၁၀၀)ကို ဩဂုတ် ၁၇ရက် နံနက်ပိုင်းက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ရာသက်ပန် ဆွမ်းပဒေသာပင် အလှူငွေလှူဒါန်း

**မန္တလေး ဩဂုတ် ၁၈**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းတွင် ဩဂုတ် ၁၇ရက် နံနက် ၁၀ နာရီက ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်းကို ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၏ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊ B.A၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)ထံမှ အလှူရှင်မိသားစုတို့က ရေစက်ချ အနုမောဒနာတရားတော် နာယူကြည်ညိုကြပြီးနောက် ကျောင်းအုပ်ဆရာတော် အမှူးပြုသော သင်တန်းကထိကနည်းပြဆရာတော်နှင့် သင်တန်းသား သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် အလှူရှင် (အဘွား)ဒေါ်ချစ်စု၊ (ဖခင်)ဦးကျော်လှိုင်၊ (မိခင်)ဒေါ်တင်တင်တို့အား ရည်စူး၍ ကိုဘိုဘို+မတင်တင်ထွေး (တော်ဝင်စတိုး)မိသားစုတို့က ရာသက်ပန် ဆွမ်းပဒေသာပင် အလှူငွေ ယခင်လှူဒါန်းပြီး ငွေကျပ် သိန်း(၂၀)၊ ယခုဖြည့်စွက်လှူဒါန်းငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ်(၂၁)သိန်းကို ပေးအပ်လှူဒါန်းရာ ရုံးအဖွဲ့မှူး ဦးမောင်မောင်က လက်ခံရယူကာ သာဓုအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ)(၀၅၂)**



## အထက်မြန်မာပြည်ဘူမိဗေဒမိသားစု(၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ညှိနှိုင်းဆွေးနွေး

**မန္တလေး ဩဂုတ် ၁၈**

အထက်မြန်မာပြည်ဘူမိဗေဒ မိသားစု၏ (၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၇ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၇၉လမ်း၊ ၂၆လမ်းနှင့်၂၇လမ်းကြားရှိ ကောင်းကျော်ကဖေး ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ယခုနှစ် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ကိုညီညီလွင်က မိတ်ဆက်စကား ပြောကြားသည်။ ထို့နောက် တက်ရောက်လာသော ဘူမိဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများက အကြံပြုဆွေးနွေးကြသည်။ အထက်မြန်မာပြည် ဘူမိဗေဒမိသားစု (၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၂၄ခုနှစ် နိုဝင်ဘာ ၃၀ရက်တွင် ကျင်းပမည်ဖြစ်ပြီး ယခင်နှစ်များနည်းတူကျင်းပရန် ဆရာတော်၊ သံဃာတော်များအား ဆွမ်းကပ်ရန်နှင့် ဆရာ၊ ဆရာမကြီးများအား အိမ်တိုင်ရာရောက် ကန်တော့ရန် ဆွေးနွေးဆုံးဖြတ်ကြသည်။

ဘူမိဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဦးခင်မောင်အေး ဖုန်း ၀၉-၇၉၉ ၀၀၄၂၉၈နှင့် ဒေါက်တာ ကိုကိုကြီး ဖုန်း ၀၉-၂၅၆၂၂၆၇၃၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(၀၄၅)**

## ကန်တော်ကြီးရှိ ဇီဝိတဒါနသံဃာ့ဆေးရုံသို့ တစ်နေ့တာဆွမ်းဆက်ကပ်၊ ဆေးပဒေသာပင် စိုက်ထူ

**မန္တလေး ဩဂုတ် ၁၈**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ စေတနာရှင်များက ဆွမ်းဆက်ကပ်ခြင်းနှင့် ဆေးပဒေသာပင်စိုက်ထူခြင်း၊ ဆေးရုံသုံးပစ္စည်းနှင့် ငွေများ လှူဒါန်းလျက်ရှိရာ ဩဂုတ် ၁၇ရက်နံနက်က မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၄လမ်းနှင့် လမ်း၈၀ထောင့်နေ ဒေါက်တာဦးသန်းနွယ်အောင်နှင့် မိဘဘိုးဘွားများအား ရည်စူး၍ ဒေါ်ရိုစီမိသားစုက ဆေးပဒေသာပင် ငွေကျပ် ၁၁၀ သိန်းနှင့် ၇သောင်း၊ နမ့်ထောမြို့နေ ဒေါ်အိသန်းမိသားစုက ဆေးပဒေသာပင် ငွေကျပ် ၁၀သိန်းနှင့် ကိုအောင်မြင့်+မမြင့်မြင့်သိန်းမိသားစုက ဆေးပဒေသာပင်ငွေကျပ် ၁၀သိန်းတို့ကို စိုက်ထူလှူဒါန်းရာ ဇီဝိတဒါန သံဃာ့ဆေးရုံ ကြီးကြပ်ရေးအထောက်အကူပြုအဖွဲ့နာယက ဒေါက်တာ ဦးမိတ်၊ ဥက္ကဋ္ဌ ဦးစိုးလင်း၊ ဘဏ္ဍာရေးမှူး ဦးစိုးလွင်နှင့် ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

ကန်တော်ကြီး ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဂိလာနသံဃာတော်များ၊ သီလရှင်များအား အခမဲ့ ကျန်းမာရေးဆေးဝါးကုသပေးလျက်ရှိသည်။ ပြင်ပလူနာကုသပေးခြင်း၊ အသေးစားခွဲစိတ်ကုသခြင်း၊ ကျောက်ကပ်သန့်စင်ခြင်း၊ သွားရောဂါကုသခြင်း၊ အကြောအဆစ် ပြန်လည်သန်စွမ်းရေးကုသခြင်း၊ မျက်စိကုသခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ ရေအလှူတော်၊ လျှပ်စစ်မီးအလှူတော်၊ ကျောက်ကပ်သွေးသန့်စင်ဌာနအလှူများသို့ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(၀၄၅)**

## ဝန်ထမ်းမိသားစုများ စုပေါင်းဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြု

**မန္တလေး ဩဂုတ် ၁၈**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ ၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း လေးပြင်၊လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြုကြသည်။


ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်၊ လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့နံနက်ပိုင်းက (၉၂)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ဝက်သားအာလူးချက်၊ ပဲတီချဉ်သုပ်တို့ကို ၃၆လမ်းနှင့်၆၉လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်(၂၅၀)ကျော်တို့အား နံနက် ၅နာရီခွဲမှ စတင်လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေး၊ ပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

**(အောက်ပုံ)(မန္တလေးနေ့စဉ်–၃)**




# ဒီရေနှင့် ဒီရေလှိုင်းမှသည် လျှပ်စစ်စွမ်းအင်ဆီသို့

Marine Power ခေါ် ပင်လယ်သမုဒ္ဒရာများမှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ခြင်းသည် နောက်ဆုံးပေါ်နည်းပညာများဖြစ်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများတွင် တည်ဆောက်အသုံးပြုနိုင်ရန် ကြိုးပမ်းလျက်ရှိကြပြီဖြစ်သည်။ Marine Power နှစ်မျိုးရှိရာ Tidal Power ခေါ် ဒီရေမှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ခြင်းနှင့် Wave Power ခေါ် ဒီလှိုင်းမှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ခြင်းတို့ ဖြစ်သည်။





ပထမဦးစွာ ဒီရေမှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ခြင်း သုံးမျိုးရှိပြီး (၁) Tidal stream generation ၊ (၂) Tidal Barrage နှင့် (၃) Tidal Lagoon generation တို့ ဖြစ်ကြသည်။ Tidal stream generation မှာ အသေးစား (small scale) များသာ ပြုလုပ်နိုင်ပြီး တစ်ပိုင်တစ်နိုင်အနေဖြင့် mini grid များအတွက် တည်ဆောက်အသုံးပြုသင့်ပါသည်။ Tidal Barrage generation ကို တံတား(သို့မဟုတ်) အဆောက်အအုံတွင် တပ်ဆင်ပြီး ရေပြင်အောက်တွင် တပ်ဆင်ထားခြင်းဖြင့် တည်ဆောက်ကြပါသည်။ Strait and tidal lnlets (ရေလက်ကြားနှင့် မြစ်ဝ၊ ချောင်းဝနေရာများ)တွင် ဒီရေအလျင် (tidal velocity) အားကောင်းသဖြင့် အဆိုပါနည်းလမ်းအား တည်ဆောက်အသုံးပြုသင့်သည်။ နောက်ပိုင်း Tidal Barrage generation များသည် ကုန်ကျစရိတ်အလွန်များပြားသည့်အပြင် စက်မှုနည်းပညာနှင့် ဒီဇိုင်းပိုင်းဆိုင်ရာအခက်အခဲများစွာရှိနေဆဲ ဖြစ်သည်။ Tidal Barrage နည်းသည် ရေကာတာကို ဒီရေ အတက်အကျရှိသည့်နေရာတွင် တည်ဆောက်ပြီး ဒီရေတက်လာချိန်တွင်ရေကို သိုလှောင်ထားပြီး ဒီရေကျချိန်တွင် ရေကိုထုတ်လွှတ်၍ generator ကို လည်စေခြင်း နည်းလမ်းဖြစ်သည်။ ဒီရေတက်ချိန်နှင့် ကျချိန် နှစ်ခုလုံးတွင် စက်ကိုလည်စေရန်လည်း ပြုလုပ်ထားခြင်းမျိုး ဖြစ်သည်။ ပြင်သစ်နိုင်ငံမှ Barttary ဒီရေဓာတ်အားပေးစက်ရုံမှ (၂၄၀) မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်ကြောင်း သိရှိရပါသည်။ Tidal Lagoons generation တွင် ချောင်း(သို့မဟုတ်)မြစ်ကို တစ်ဖက်ပိတ်၍ ပြုလုပ်ထားခြင်းမျိုးမဟုတ်ဘဲ အလုံပိတ်ရေကန်သဖွယ်ပြုလုပ်ပြီး ရေကို လွှတ်ပေးခြင်းဖြင့် ဓာတ်အားပေးစက်များ လည်ပတ်အောင်ဆောင်ရွက်ထားခြင်းဖြစ်ပြီး tidle barrage နည်းနှင့် ခပ်ဆင်ဆင်ပင်ဖြစ်သည်။ ထွက်ရှိသော လျှပ်စစ်ဓာတ်အားပမာဏလည်း ပိုမိုများပြားပါသည်။ ရေသတ္တဝါများ ကူးသန်းသွားလာနိုင်မှုရှိခြင်းနှင့် မရှိခြင်းသာလျှင် ကွာခြားနိုင်ပါသည်။ (Marine Life) ခေါ် ပင်လယ်နေသတ္တဝါများ အသက်ရှင်သန်ရေးကို များစွာထည့်သွင်းစဉ်းစားရသည့်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားအချို့က နှစ်သက်သဘောကျခြင်းမရှိကြချေ။ ထို့ပြင် ရေတိုက်စားခြင်းနှင့် ဆားရေတိုက်စားခြင်းစသည့်တို့ မဖြစ်စေနိုင်သော Stainless steel light nickel alloys များ၊ copper alloys များ၊ titanium စသည်တို့ကို သုံးစွဲတည်ဆောက်ရသဖြင့် တည်ဆောက်မှုနှင့် စက်ပစ္စည်းတန်ဖိုးများမှာ ကုန်ကျစရိတ် လွန်စွာကြီးမားလှသည့် အခက်အခဲရှိလေသည်။ မြန်မာနိုင်ငံတွင် ကမ်းရိုးတန်းဒေသ အများအပြား တည်ရှိရာ အဆိုပါ ဒီရေမှ လျှပ်စစ်ထုတ်လုပ်ခြင်းအား ထည့်သွင်းစဉ်းစားသင့်လှပါသည်။

ဒီရေနှင့် ဒီရေလှိုင်းများမှ
လျှပ်စစ်ဓာတ်အားထုတ်လုပ်သောစက်များမှာ
စက်မှုပိုင်းဆိုင်ရာ နည်းပညာခပ်ဆန်ဆန်ဖြစ်ပြီး
တည်ဆောက်မှုပုံစံနှင့် အသုံးပြုပုံသာ
အမျိုးမျိုးကွဲပြားနေခြင်းလည်း ဖြစ်သည်။
မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသများကို
မည်သည့်နည်းဖြင့် သင့်လျော်နိုင်ကြောင်း
ကြိုတင်စူးစမ်းရှာဖွေလေ့လာထားသင့်ပြီး
နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်ရာတွင်
ဒီရေနှင့် ဒီရေလှိုင်းမှ
လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့်နည်းလမ်းအား
မဖြစ်မနေ ထည့်သွင်းစဉ်းစားသင့်ပါသည်။




လက်ရှိအားဖြင့် ကမ္ဘာနှင့်အဝန်း တည်ဆောက်ပြီးစီးနှင့် တည်ဆောက်ဆဲ ဒီရေမှ လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှာ လက်ချိုးရေတွက်၍ရနေသေးပြီး မြန်မာနိုင်ငံတွင်လည်း အလားအလာရှိသော ကမ်းရိုးတန်းဒေသများအား စူးစမ်းလေ့လာထားသင့်ပါသည်။ လက်ရှိ ဒီရေမှ လျှပ်စစ်ထုတ်လုပ်သည့်စီမံကိန်းများမှာ (၁) ပြင်သစ်နိုင်ငံရှိ ၂၄၀ မဂ္ဂါဝပ်ထွက်ရှိသော Rance(Barttary) tidal power plant ၊ (၂) တောင်ကိုရီးယားနိုင်ငံရှိ ၂၅၄ မဂ္ဂါဝပ်ထွက်ရှိသော Sihwa Lake Tidal Power Plant ၊ (၃) တရုတ်နိုင်ငံရှိ (၃ ဒသမ ၂) MW ထွက်ရှိသော Jiangxia stream tidal power plant ၊ (၄) ရုရှားနိုင်ငံရှိ (၁ ဒသမ ၂) MW ထွက်ရှိသော Kislaya Guba stream tidal power plant ၊ (၅) တောင်ကိုရီးယားနိုင်ငံရှိ (၉၀) MW ထွက်ရှိသော Jindo Uldolmok stream tidal power plant ၊ (၆)မြောက်အိုင်ယာလန်ရှိ (၁ ဒသမ ၂) MW ထွက်ရှိသော Strangford stream tidal power plant၊ (၇) တောင်ကိုရီးယားနိုင်ငံရှိ (၈၁၂)မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်မည့် Ganghwa ဒီရေဓာတ်အားပေးစက်ရုံ၊ (၈)တောင်ကိုရီးယားနိုင်ငံရှိ (၁၃၂၀) မဂ္ဂါဝပ်ထုတ်ပေးနိုင်မည့် Incheon ဒီရေဓာတ်အားပေးစက်ရုံ၊ (၉)စကော့တလန်နိုင်ငံရှိ (၁၀)မဂ္ဂါဝပ်ထုတ်ပေးမည့် Islay ဒီရေဓာတ်အားပေးစက်ရုံ၊ (၁၀)အိန္ဒိယနိုင်ငံရှိ (၅၀)မဂ္ဂါဝပ် ထုတ်ပေးမည့် Gujarat ဒီရေဓာတ်အားပေးစက်ရုံနှင့် (၁၁)ဖိလစ်ပိုင်နိုင်ငံရှိ (၁ ဒသမ ၅)မဂ္ဂါဝပ်ထုတ်ပေးမည့် Capal




Islands Stream ဒီရေဓာတ်အားပေးစက်ရုံတို့မှာ ထင်ရှားသည့် ဒီရေဖြင့် လျှပ်စစ်ထုတ်လုပ်သောစက်ရုံစီမံကိန်းများ ဖြစ်ကြသည်။

ယခုနောက်ဆုံးပေါ်ဖြစ်ပြီး မဂ္ဂါဝပ်များစွာ မထုတ်လုပ်နိုင်သေးသော်လည်း ဈေးနှုန်းသက်သာမည့် လျှပ်စစ်ထုတ်လုပ်မှုနည်းလမ်းမှာ ဒီရေလှိုင်းမှ ထုတ်လုပ်ခြင်းဖြစ်သည်။ ရေပေါ်တွင်ဖြစ်စေ၊ ရေအောက်တွင်ဖြစ်စေ လေဟာနယ်၊ လေဘောလုံးသဏ္ဌာန်ပစ္စည်းမျိုးကို လှိုင်းအတိုင်း လှုပ်ရှားနေစေခြင်းဖြင့် ပစ်စတင်သဘောမျိုးတပ်ဆင်ထားသည့်လက်တံများက လျှပ်စစ်ထုတ်သည့်စက်များကို လည်ပတ်စေခြင်းဖြစ်သည်။ ရေလှိုင်းကြီးမားသည့်နေရာမျိုး၊ ပင်လယ်ဝလို နေရာမျိုးများတွင် အဆိုပါစက်မျိုးများကို များစွာချထားပြီး လျှပ်စစ်ကို စုစည်းထုတ်လုပ်ခြင်းမျိုးဖြစ်ပြီး အစ္စရေးကုမ္ပဏီတစ်ခုမှ စမ်းသပ်လျက်ရှိ၍ စီးပွားဖြစ်တည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မကြာမီတွင် ဒီရေလှိုင်းမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်သော စက်ရုံကြီးများလည်း ပေါ်ပေါက်လာနိုင်မည်ဖြစ်သည်။

ဒီရေနှင့် ဒီရေလှိုင်းများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်သောစက်များမှာ စက်မှုပိုင်းဆိုင်ရာ နည်းပညာခပ်ဆန်ဆန်ဖြစ်ပြီး တည်ဆောက်မှုပုံစံနှင့် အသုံးပြုပုံသာ အမျိုးမျိုးကွဲပြားနေခြင်းလည်းဖြစ်သည်။ မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသများကို မည်သည့်နည်းဖြင့် သင့်လျော်နိုင်ကြောင်း ကြိုတင်စူးစမ်းရှာဖွေလေ့လာထားသင့်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်ရာတွင် ဒီရေနှင့် ဒီရေလှိုင်းမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့်နည်းလမ်းအား မဖြစ်မနေ ထည့်သွင်းစဉ်းစားသင့်ပါသည်။

အချုပ်အားဖြင့်ဆိုသော် ဒီရေနှင့် ဒီရေလှိုင်းမှ လျှပ်စစ်ထုတ်လုပ်ခြင်းသည် သန့်ရှင်းသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်ခြင်းဖြစ်၍ နိုင်ငံတကာတွင် ယခုအခါ ခေတ်စားလာနေသော လျှပ်စစ်ထုတ်လုပ်မှုနည်းလမ်းဖြစ်ပြီး ကမ်းရိုးတန်းဒေသများကို အသုံးချနိုင်ခြင်းဖြင့် ပြည်သူတို့ လိုအပ်လျက်ရှိသော လျှပ်စစ်စွမ်းအင်ဖူလုံစေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလာနိုင်မည်ဖြစ်ပါ၍ ကြိုတင်စူးစမ်းလေ့လာထားနိုင်ရေးအတွက် စာရေးသူ၏အမြင်အား တိုက်တွန်းရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

**မောင်မောင်စွယ်စုံထွန်း**



# ကိုင်းဒေါင့်ကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေး

**ကံမ ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ကညင်တိုင်းကျေးရွာအုပ်စု၊ ကိုင်းဒေါင့်ကျေးရွာ၌ ပထမအကြိမ် စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းကအဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက ရပ်မိရပ်ဖများ၊ အသင်းသူ၊ အသင်းသားများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဦးစီးအရာရှိ ဦးမင်းကိုနိုင်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၁၉၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကိုင်းဒေါင့်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး၊ အသေးစားစက်မှု၊ လက်မှုလုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၉ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၁၉၈သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**နော်လူး**

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**မိုင်းစံ ဩဂုတ် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင် ပြပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မိုင်းစံမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မိုင်းစံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာထွေးက အသက်မပြည့်သေးသည့်ကလေးများအား သွေးဆောင်ဖြားယောင်း ခိုင်းစေနေခြင်း အကြောင်း၊ ဘေးအန္တရာယ်ကျရောက်နေသော ကလေးအလုပ်သမား၊ ပါဝင်ပတ်သက်သူများ၏ တုံ့ပြန်ချက်များ၊ ကလေးသူငယ်အလုပ်သမားသည် တရားမဝင်ကြောင်း၊ ကလေးအလုပ်သမားပပျောက်ရေး ပူးပေါင်းကာကွယ်ဆောင်ရွက်ပေး စသည့်အကြောင်းအရာများကို ဟောပြောခဲ့သည်။

ထို့နောက် ဟောပြောပွဲအပြီးတွင် မိုင်းစံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ဟောပြောပွဲသို့ တက်ရောက်ကြသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)မြို့နယ်(ပြန်/ဆက်)**



# မန္တလေးဈေးကွက်တွင် ပြည်တွင်းသုံးစွဲမှုများလာခြင်းကြောင့် သကြားအရောင်းအဝယ် ပြန်လည်ကောင်းမွန်

မန္တလေးဈေးကွက်အတွင်း ယခင်က ပုံမှန်အနေအထားသာ အရောင်းအဝယ်ဖြစ်ခဲ့သည့် သကြားဈေးကွက်သည် ယခုအခါ အရောင်းအဝယ် ပြန်လည်ကောင်းမွန်လာကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌထံက သိရသည်။

"ယခင်ကတော့ သကြားဈေးကွက်ဟာ ပုံမှန်အနေအထားလောက်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်။ ယခုအပတ်ကစတင်ပြီး ပြည်တွင်းသုံးစွဲမှုများလာတဲ့အတွက် အရောင်းအဝယ် ပြန်လည်ကောင်းမွန်လာပြီး လက်ရှိမှာ သကြားတစ်ပိသာ ငွေကျပ် ၄၅၀၀ ကနေ ၄၇၅၀ အထိ အရောင်းအဝယ်ဖြစ်နေပါတယ်။

ပြီးခဲ့တဲ့နှစ်ကာလတူ နှိုင်းယှဉ်ကြည့်မယ်ဆိုရင်တော့ ဒီနှစ် သကြားဈေး မြင့်တက်လာတဲ့အတွက် သကြားစက်ရုံတွေက ကြံတောင်သူတွေကို ထပ်ဆောင်းပံ့ပိုးငွေပေးသင့်ပါတယ်လို့ အကြံပြု ပြောချင်ပါတယ်"ဟု မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောသည်။

ပြည်တွင်းသကြားသုံးစွဲမှုအနေဖြင့် တန်ချိန် သုံးသိန်းမှ သုံးသိန်းခွဲဝန်းကျင်ရှိသည်ဟု ခန့်မှန်းသိရှိရပြီး ပြည်တွင်းသုံးစွဲမှု ပိုလျှံမှသာ နိုင်ငံခြားသို့ တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် သကြားစက်ရုံပေါင်း ၂၈ရုံ ဝန်းကျင်ရှိကာ တိုးချဲ့လည်ပတ်နေသည့် စက်ရုံများလည်းရှိပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ပြီးခဲ့သည့်နှစ်ကစတင်ပြီး စက်ရုံအသစ်နှစ်ရုံ စမ်းသပ်လည်ပတ်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

# မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း(မန္တလေး) အမေရိကန်အဖွဲ့နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**မန္တလေး ဩဂုတ် ၁၈**

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း(မန္တလေး) မှဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး ဘဏ္ဍာရေးမှူးနှင့် အမှုဆောင်များသည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်မြို့ အမေရိကန်သံရုံး ဒုတိယအကြီးအကဲ Mr. DAN CINTRON နှင့်အဖွဲ့အား ချမ်းအေးသာစံမြို့နယ်၊ ၇၈လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြား၊ ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များအသင်း ဧည့်ခန်းမတွင် တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် အမေရိကန်သံရုံး ဒုတိယအကြီးအကဲက အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းအခြေအနေများ၊ လုပ်ငန်းအခက်အခဲများကို မေးမြန်းခဲ့ပြီး မြန်မာစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ပံ့ပိုးပေးနိုင်ရေး ဆွေးနွေးခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြသည်။ **(အောက်ပုံ)(၀၄၅)**



# အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

**ညောင်ဦး ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသား အသက်(၁၅)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီခွဲက မြို့နယ်ပြည်သူ့အားကစားကွင်းတွင် ကျင်းပခဲ့သည်။

အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား အမျိုးသားအသက်(၁၅)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကိုကျင်းပရာ ညောင်ဦးအသင်းက တောင်ဘီအသင်းကို ၄ ဂိုး ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဘောလုံးပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် ကူညီဆောင်ရွက်ပေးသည့် ဒိုင်လူကြီးနှစ်ဦးအား ပြိုင်ပွဲဖြစ်မြောက်ရေး ကော်မတီမှ အမှတ်တရပစ္စည်း လက်ဆောင် ပေးအပ်သည်။

ဆက်လက်၍ ဘောလုံးပြိုင်ပွဲ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဂိုးသမားဆုအား ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီ ဦးစိုးမြင့်က ပေးအပ်ချီးမြှင့်ခြင်း၊ ပြိုင်ပွဲတစ်လျှောက် နောက်တန်း၊ အလယ်တန်း၊ ရှေ့တန်း အကောင်းဆုံး ကစားသမားဆုရရှိသူများအား ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီမှ ဆုတံဆိပ်နှင့် ငွေသားများ ပေးအပ်ချီးမြှင့်ခဲ့ပြီး၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိခဲ့သူတို့အား ဆုတံဆိပ်နှင့် ငွေသားဆု ချီးမြှင့်ခဲ့သည်။

အားကစားနှင့်ကာယပညာ ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား အသက်(၁၅)နှစ်အောက် ဘောလုံးပွဲတွင်ဒုတိယရရှိခဲ့သည့် တောင်ဘီဘောလုံးအသင်းအား အားကစားနှင့် ကာယပညာဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်မာမာထွန်းက ကလပ်ဘုတ်ပြားနှင့် ငွေတံဆိပ်ဆုချီးမြှင့်ပေးအပ်ပြီး၊ ပထမဆုရရှိသည့် ညောင်ဦးအသင်းအား ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်က ကလပ်ဘုတ်ပြား၊ ပထမဆုဖလားနှင့် ငွေသားတို့အား ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(၄၈၁)

# တံတားဦးမြို့နယ် ခေါင်းကွဲကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ပဥ္စမအကြိမ် ထုတ်ချေး

**တံတားဦး ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေါင်းကွဲကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ဖြင့် တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုးပွားလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ ပဥ္စမအကြိမ် စီမံကိန်းရန်ပုံငွေပြန်လည်ထုတ်ချေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ခေါင်းကွဲကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ လိုက်နာရမည့်အချက်များ ချေးငွေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုးပွားလုပ်ငန်းများ ဆောင်ရွက်နိုင်လာ၍ ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အတွက် အထောက်အကူပြုနိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၅၇၅၀၀၀၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်က ခေါင်းကွဲကျေးရွာမှ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၁၂၃ဦးကို ကို ငွေကျပ် ၂၃၉သိန်း၊ မွေးမြူရေးလုပ်ငန်းကိုင်သူ ၄၈ဦးကို ငွေကျပ်သိန်း ၅၀၅၀၀၀၀နှင့် ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၅၂ဦးကို ငွေကျပ် ၆၈သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၂၃ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ငွေကျပ် ၃၅၇၅၀၀၀၀ အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(၀၄၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြှင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့တပ်မတော်သည် တိုင်းပြည်၏ နေရာဒေသအသီးသီးက တိုင်းရင်းသားပြည်သူများ စုစည်းနေထိုင်တာဝန်ထမ်းဆောင်ခြင်း ဖြစ်သည့်အတွက် မိသားစုစိတ်ဓာတ် မွေးမြူပြီး စည်းလုံးညီညွတ်မှုရှိကြရမည်ဖြစ်ပြီး စုပေါင်းအားသည် ထုကိုရရှိစေပြီး ခိုင်မာမှုကို ပိုမိုရရှိစေ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကျိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းဆိုင်ရာ ပြည်သူလူထုအသိပညာပေး Bill Board များစိုက်ထူထားရှိမှု၊ သန်းခေါင်စာရင်းမေးခွန်းပုံစံများနှင့် လက်စွဲစာစောင်များရိုက်နှိပ်ဆောင်ရွက်နေမှု စစ်ဆေး

နေပြည်တော် ဩဂုတ် ၁၈

ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကျိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ဟံသာဝတီအဝိုင်း၌လည်းကောင်း၊ ဗဟန်းမြို့နယ် ဦးထောင်ဘိုအဝိုင်း၌လည်းကောင်း၊ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်ရှေ့၌လည်းကောင်း၊ စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်းရှေ့၌လည်းကောင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးအတွက် ပြည်သူလူထုအသိပညာပေး Bill Board များ စိုက်ထူထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လူစည်ကားရာ လမ်းဆုံလမ်းခွများတွင် အသိပညာပေး Bill Board များ ထပ်မံစိုက်ထူထားရှိရေးနှင့် Bill Board များ ခိုင်ခံ့မှုရှိစေရေး စနစ်တကျ စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဖိုတိုလစ်သိုပုံနှိပ်စက်ရုံသို့ သွားရောက်၍ စက်ရုံအတွင်း၌ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် လိုအပ်သည့်အိမ်ထောင်စု မေးခွန်းပုံစံများ၊ စာရင်းစစ်၊ စာရင်းကောက်လက်စွဲစာစောင်များ၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် သင်တန်းလက်စွဲစာစောင်များ ရိုက်နှိပ်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ယဉ်ဦးနှင့် စက်ရုံတာဝန်ခံက လုပ်ငန်းအပ်နှံထားရှိမှု၊ စာစောင်အမျိုးအစားအလိုက် ရိုက်နှိပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများကို လိုက်လံရှင်းလင်းတင်ပြသည်။

### အချိန်မီပြီးစီးရေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မကြာမီကာလအတွင်း ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူတော့မည်ဖြစ်သည့်အတွက် သတ်မှတ်ပုံစံများနှင့် လက်စွဲစာစောင်များ သတ်မှတ်အရေအတွက်နှင့် စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



သတင်းစဉ်

## ချဲလ်ဆီးကို အနိုင်ယူပြီး ရာသီအစမှာ အနိုင်သုံးမှတ်ရယူနိုင်ခဲ့သည့် မန်ချက်စတာစီးတီး

**လန်ဒန် ဩဂုတ် ၁၈**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ် ပွဲစဉ်(၁)၏ ယနေ့ မြန်မာစံတော်ချိန် ည ၁၀ နာရီက လန်ဒန်မြို့၊ စတမ်းဖို့ဒ်ဘရစ်ချ်ကွင်းတွင် ချဲလ်ဆီးအသင်းနှင့် လက်ရှိချန်ပီယံ မန်ချက်စတာစီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်ချက်စတာစီးတီးအသင်းက ချဲလ်ဆီးအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ရာသီအစမှာ အနိုင်သုံးမှတ် ရယူနိုင်ခဲ့သည်။



**ရာသီစမှာ နိုင်ပွဲဖြင့်စတင်နိုင်ခဲ့**

မန်ချက်စတာစီးတီးအသင်းသည် လက်ရှိချန်ပီယံအသင်း ပီပီ ချဲလ်ဆီးအသင်းဘက်ကို တောက်လျှောက်ဖိအားပေးကစားနိုင်ခဲ့ပြီး ရာသီစမှာ နိုင်ပွဲဖြင့် စတင်နိုင်ခဲ့သည်။

လက်ရှိချန်ပီယံ မန်ချက်စတာစီးတီးအသင်းသည် ပွဲစသည်နှင့် ချဲလ်ဆီးအသင်းဘက်ကို ထိုးဖောက်ခဲ့ပြီး ပွဲချိန် ၁၈မိနစ်တွင် ဟာလန်းက အသင်းအတွက် ဦးဆောင်ဂိုး ရယူပေးနိုင်ခဲ့သလို ပွဲချိန် ၈၄မိနစ်တွင် အသင်းအတွက် အနိုင်သေချာမည့် ဒုတိယသွင်းဂိုးကို ကိုဗာချစ်က သွင်းယူပေးခဲ့ပြီး ပွဲပြီးဆုံးချိန်တွင် မန်ချက်စတာစီးတီးအသင်းက ချဲလ်ဆီးအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မန်ချက်စတာစီးတီးအသင်းသည် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ်ချန်ပီယံဆုကို ဆွတ်ခူးရန်လည်း ရေပန်းစားဆုံးအသင်းအဖြစ်လည်း ရပ်တည်နေသည်။

အခြားပွဲစဉ်အဖြစ် ယနေ့ ညပိုင်းက ဘရန့်ဖို့ဒ်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ ပွဲစဉ်တွင်လည်း ဘရန့်ဖို့ဒ်အသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**နိုင်ကမ္ဘာ**

၀-၀-၀-၀-၀

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ